ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (25-3-2011) (၆၇၁၄)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟယ်လင်းနစ် သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလို့စ်၊ ပါပူးလိယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟယ်လင်းနစ် ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျော့(ခ်) အေပါပန်ဒရို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အကွဲအပြဲများ ဖြစ်ရခြင်း၏ အကြောင်းရင်း

ဂိုဏ်းဂဏစိတ်ဓာတ်တွေ ပြင်းထန်ပြီး အကွဲအပြဲတွေ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို သုံးသပ်ရရင် နယ်ချဲ့တွေရဲ့ မက်လုံးပေး တပည့်မွေးမှု၊ စနစ်တကျ သွေးထိုးသပ်လျှိုမှုကြောင့်လည်း ဖြစ်သလို လုပ်ဖော်ကိုင်ဖက်တွေအကြား မိမိကိုယ်မိမိ အထင်ကြီးပြီး ဘဝင်မြင့်ခြင်း၊ တစ်ဖက်သားကို အထင်သေးပြီး ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်ခြင်း၊ မနာလိုဝန်တိုမှုများ၊ မယုံသင်္ကာဖြစ်မှုများနဲ့ ရန်ငြိုးထားမှုများကို ရှေ့တန်းတင်လာခြင်းတို့ကြောင့် ဖြစ်တာကိုလည်း တွေ့ရမယ်။

ပြည်ပကို ဆရာတင်၊ ပြည်ပရဲ့သြဇာကိုခံပြီး ပြည်ပက တင်သွင်းလာတဲ့ အယူဝါဒနဲ့ ညွှန်ကြားချက်တွေကို မဆင်မခြင်လိုက်နာတာကြောင့် အချင်းချင်း ဖြုတ်၊ ထုတ်၊ သတ်ပြီး နိဂုံးချုပ်သွားတဲ့ ပါတီမျိုးတွေရှိသလို ကိုယ့်နိုင်ငံရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ နောက်ခံသမိုင်းကြောင်းတွေနဲ့ မတူတဲ့နိုင်ငံကို ပုံတူကူးချလို့ ဒုက္ခရောက်ခဲ့ကြရသူတွေလည်း အများအပြားရှိခဲ့တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၄)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်း၊ အဆိုကိုလက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

The Mirror

၂၅-၃-၂၀၁၁
(သောကြာနေ့)

နယ်စပ်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပါဝင်သည့် မိသားစုကို အခြေခံဖွဲ့စည်းထားသော နိုင်ငံဖြစ်ရာ စည်းလုံးခြင်း၊ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း အကျိုးတရားများ လွှမ်းခြုံဖြစ်တည်နေသည်။ နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ် မြေပြန့်မခွဲခြားဘဲ တူညီသောအခွင့်အလမ်းများ ဖော်ဆောင်ပေးခဲ့သည်။

တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးကို အလေးထားသည်။ ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်း၌ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည်။ အထူးသဖြင့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ၁၉၈၉-၁၉၉၀ မှ ယခု ၂၀၁၀-၂၀၁၁ ဖေဖော်ဝါရီလကုန်အထိ ငွေကျပ်သန်းပေါင်း ၃၄၄၂၇၃ သန်းကျော် ကျခံဆောင်ရွက်ပေးခဲ့သည်။ သာဓကအားဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း မိုင်ပေါင်းများစွာ ဖောက်လုပ်ပြုပြင်ထိန်းသိမ်းလျက်ရှိသကဲ့သို့ တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးခဲ့ရာ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူနေပြီဖြစ်သည်။

ထို့အတူ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ရှစ်ရာကျော်၊ အလယ်တန်းကျောင်း ကိုးဆယ်ကျော်နှင့် အထက်တန်းကျောင်း ကိုးဆယ်ကျော်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးထားရာ နယ်စပ်ဒေသ ကလေးလူငယ်များ ပညာသင်ကြားနိုင်မှု အခွင့်အလမ်း တိုးပွားဖြစ်ထွန်းလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များထဲမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပေးခဲ့ရာ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင်ဒီပလိုမာ ရရှိသူများအပါအဝင် ၁၅၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လေးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွက်နေပြီဖြစ်သည်။

ယနေ့ကာလတွင် ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီ။ အထူးသဖြင့် နယ်စပ်ဒေသများ၌ ငြိမ်းချမ်းရေး၏ ရလဒ်ကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံပြည်သူများ မျှဝေခံစားရရှိနေကြပြီ။ ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် အခြေအနေကောင်း၊ အခြေခံကောင်းများနှင့်အတူ နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

KMD ၏ Special Sales Road Show ကျင်းပမည်

ရန်ကုန် မတ် ၂၄

KMD Sales & Service မှ Special Sales Road Show ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ KMD Sales & Service တိုင်း၌ မတ် ၂၇ ရက် တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ဈေးရောင်းပွဲတော်တွင် Lenovo, Acer, HP, Dell, Prolink နှင့် Apple အစရှိသော Notebook Brand အစုံအလင်၊ မိသားစုသုံး Desktop Computer များ၊ Lenovo Branded Desktopများ၊ All-in-One PCများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Printer, Scanner, UPS စသော ကွန်ပျူတာဆက်စပ်ပစ္စည်းများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

Intel Core i series Processor ပါဝင်ပြီး စင်ကာပူမှ တင်သွင်းသော Acer 4738z Notebook ကို ငွေကျပ် ၃၈၉၀၀၀ နှင့် Branded All-in-One PC များကို ပြသရောင်းချသွားမည်ဖြစ်သည်။

နေရာစားသက်သာခြင်း၊ ပါဝါသုံးစွဲမှုနည်းပါးခြင်း၊ ကြိုးရှုပ်ထွေးမှု မရှိသော Lenovo All-in-One PC C200 မော်ဒယ်ကို ငွေကျပ် ၃၅၀၀၀၀ နှင့် All-in-One B300 မော်ဒယ်ကို ငွေကျပ် ၄၄၀၀၀၀ ဝန်းကျင်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ နှုတ်ဘုတ် ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Training Coupon, Notebook Case များကို လက်ဆောင်ပေးအပ်သွားမည်ဖြစ်သည်။

KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ၂၅ ရာခိုင်နှုန်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး International Diploma သင်တန်း (IDCS)အတွက်လည်း သင်တန်းကြေး သုံးသောင်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sale & Service Centre (ရန်ကုန်) ဖုန်း-၅၀၃၅၂၂၊ ၃၈၅၁၇၇ နှင့် (မန္တလေး) ဖုန်း-၀၂-၆၀၃၆၀၊ ၆၀၂၃၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျိုက်ထိုစည်ပင် သစ်သားတံတားဆောက်

ရန်ကုန် မတ် ၂၄

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော ကော့တင်း-ဘိုးရားကြီးဆည်မြောင်းဖြတ် အုတ်ခုံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာန (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၂ရက် ညနေ ၆နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ကျင်းပခဲ့သော ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာတွင် စတုတ္ထအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲ၌ ပထမဆုရရှိသော ယဉ်ကျေးမှုဝန်ကြီးရုံး၊ ဒုတိယဆုရရှိသော အနုပညာဦးစီးဌာန၊ တတိယဆုရရှိသော ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ နှစ်သိမ့်ဆုရရှိသော သမိုင်းသုတေသနဦးစီးဌာနတို့အားလည်းကောင်း၊ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမဆုရရှိသော ဇာတ်အဖွဲ့ဌာနစု (နေပြည်တော်) အား လည်းကောင်း၊ သရုပ်ဆောင်(မင်းသားဆု)ရ ဦးဉာဏ်ဝင်း ဦးစီးအရာရှိ(ဇာတ်ညွှန်း) ဇာတ်အဖွဲ့ဌာနစု(နေပြည်တော်)၊ သရုပ်ဆောင်(မင်းသမီးဆု)ဒေါ်မြင့်မြင့်ကြည် လက်ထောက်ညွှန်ကြားရေးမှူး ထုတ်လုပ်ဌာနစု(မန္တလေး)၊ ဇာတ်ပို့သရုပ်ဆောင် (မင်းသားဆု) ဦးရဲဝင်းနိုင် ကျွမ်းကျင်(၁)(အဆို/အက) ဇာတ်အဖွဲ့ဌာနစု (နေပြည်တော်)၊ဇာတ်ပို့သရုပ်ဆောင် (မင်းသမီးဆု) ဒေါ်ရွှေစင်လင်း ကျွမ်းကျင်(၁)(အဆို/အက) ထုတ်လုပ်ဌာနစု (မန္တလေး)၊ အကောင်းဆုံးဆိုင်းအဖွဲ့ဆု ဆိုင်းအဖွဲ့ ဇာတ်အဖွဲ့ဌာနစု (နေပြည်တော်) တို့အားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၄၇)၌ သင်တန်းသူ ပထမဆုရရှိသည့် ဒေါ်ခင်ချိုချို ဒုတိယဦးစီးမှူး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အနုပညာဦးစီးဌာနက အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်သည်။

အလားတူ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ်များက ဦးစီး၍ တစ်ပြိုင်တည်း ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း ကျင်းပခဲ့သော ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကြိုဆို နှုတ်ဆက်

မတ် ၂၃ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ (Pakistan Day) အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi M. Khalilullah ကကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ၌ ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးခဲ့မှုအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယမန်နေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဂျပန်သံရုံးသို့သွားရောက်၍ ဂျပန်နိုင်ငံ၌ မကြာမီက လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ဂျပန်ပြည်သူများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် ဂျပန်နိုင်ငံ၌ မကြာမီက လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ဂျပန်ပြည်သူများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

YANGON LIFESTYLE FURNITURE FAIR (2011) ဖွင့်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်ချီးမြှင့်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ YANGON LIFESTYLE FURNITURE FAIR (2011) ပြပွဲခန်းမအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသော YANGON LIFESTYLE FURNITURE FAIR (2011) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ Thousand Islands Business Group အုပ်ချုပ်မှုဒါရိုက်တာနှင့် ပြပွဲတွင် ခင်းကျင်းပြသကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ YANGON LIFESTYLE FURNITURE FAIR (2011)ကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group က ဦးဆောင်စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြပွဲကို အိမ်သုံးပရိဘောဂပစ္စည်းများ ပြည်တွင်းဈေးကွက်အတွင်းနှင့် သုံးစွဲသူတို့အကြား တိုက်ရိုက်ရောင်းချနိုင်စေရန်၊ ပရိဘောဂပစ္စည်းများကို ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် မိမိတို့ကုန်ပစ္စည်း၏ အားနည်းချက်၊ အားသာချက်ကို သိရှိရန်၊ ပစ္စည်းအရည်အသွေးကို ပိုမိုမြှင့်တင်စေရန်၊ ကျွန်းအစားထိုး အခြားသစ်မာများဖြင့် ပြုလုပ်သော ပရိဘောဂပစ္စည်းများကို ဈေးကွက်အတွင်း ပိုမိုထိုးဖောက်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ ပရိဘောဂပြပွဲကြီး ဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကာ ကုမ္ပဏီ ၃၆ ခုမှ ပြခန်းပေါင်း ၁၆၄ ခန်းဖြင့် ယနေ့မှ မတ် ၂၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ YANGON LIFESTYLE FURNITURE FAIR (2011) ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးတင်ဦးက ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မတ် ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် မတ် ၁၅ ရက်တွင် ပေကျင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ၂၀၁၁ ခုနှစ် နိကာယ်စာမေးပွဲကို ဇွန် ၇ ရက်မှစ၍ ဇွန် ၁၁ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရေတာရှည်အထက (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၄

ရေတာရှည်အထက၌ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တွေ့ဆုံညစာစားပွဲကို ဧပြီ ၂ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်မောင်(ရေတာရှည်) ဖုန်း ၀၅၄-၈၀၃၀၂၊ ဦးခင်မောင်သိန်း (ရန်ကုန်) ဖုန်း ၀၉-၇၃၁၄၉၇၇၇ နှင့် ဦးအောင်ကျော်မိုး(မန္တလေး) ဖုန်း ၀၂-၆၂၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှုအနုပညာပြခန်း Yangon LifeStyle Furniture Fair 2011ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Yangon LifeStyle Furniture Fair 2011 ပြပွဲကို မတ် ၂၄ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ရွှေပင်ငွေပင် ဦးသန်းထွန်း အနုပညာပြခန်းလည်း ပါဝင်ပြသသည်။**(အောက်ပုံ)**

အဆိုပါပြခန်းတွင် ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများ၊ ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့် သစ်ထွင်းခန်းဆီးလိုက်ကာနှင့်လှမျိုးစုံ ပန်းပု၊ ပန်းချီကားများ၊ ပန်းချီ၊ ပန်းပု ပညာရှင်များ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ယခင်ပြပွဲများနှင့်မတူ ရွှေပင်ငွေပင် ဦးသန်းထွန်း ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ပြသရာ သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှ စသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံ ပါဝင်ပြသထားသည်။ သစ်ထွင်းပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့်သစ်သားခန်းဆီးတို့ကိုလည်း အနုပညာလက်ရာပြောင်မြောက်စွာ ပြသထားသည်။ ထို့ပြင် ဘုရားစင်၊ သစ်သားဆက်တီ၊ ထမင်းစားပွဲနှင့်ခုံ၊ ခုတင်ဒီဇိုင်းမျိုးစုံနှင့်ပရိဘောဂများကို ပြသထားသည်။

ပြပွဲကာလအတွင်းဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှုအနုပညာလက်ရာများနှင့် ပရိဘောဂများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း (၅၃လမ်းနှင့် ၅၄လမ်းကြား) အမှတ်(၁၆၆) ဖုန်း-၀၁-၂၉၂၁၉၂ နှင့် ၀၁-၃၉၉၈၈၄ တို့သို့ မှာယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၄

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက နှစ်စဉ်ကျင်းပသည့် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို (၅၃)ကြိမ်မြောက်အဖြစ် ဧပြီ ၁၁ရက်မှ ၁၄ ရက်အထိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးအမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ရွှေအဆင့်ကို အချက်ကျော (၀-၁၂)၊ ငွေအဆင့်ကို အချက်ကျော(၁၃-၁၈)နှင့် ကြေးအဆင့်ကို အချက်ကျော (၁၉-၂၄) သတ်မှတ်ထားသည်။ အသင်းလိုက်ပြိုင်ပွဲတွင် တစ်သင်းလျှင် လေးဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံးသုံးဦး၏ အကျောမဲ့ရိုက်ချက်ကို တွက်ချက်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲများတွင် အကျောပေးစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကြေးအဆင့် ပြိုင်ပွဲများ၊ သက်ကြီးပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများကို ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် လည်းကောင်း၊ ငွေအဆင့်ပြိုင်ပွဲ၊ ရွှေအဆင့်ပြိုင်ပွဲနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲများကို ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဂေါက်သီးအားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားသည်။

ပြိုင်ပွဲကို Main Sponsor အဖြစ် Kaung Myat Compaines (KM Golf Centre) က အဓိကကူညီပံ့ပိုးသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ပြင်ဦးလွင် ဂေါက်သီးရိုက် အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်အုံး ဖုန်း-၀၉-၂၀၄၄၇၉၂၊ ဗိုလ်မှူး ရဲထက် ဖုန်း-၀၉-၄၉၂၆၅၀၂၉၊ ဦးထွန်းသာဇံ (မန်နေဂျာ) ဖုန်း-၀၉-၆၅၀၆၄၉၁၊ ဦးကြင်ဝင်းထွန်း ဖုန်း-၀၉-၂၀၄၄၁၂၈နှင့် ဦးချစ်ထူး ဖုန်း-၀၉-၂၀၄၄၇၁၅တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၂၆၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း ၁၄၇၇၁ ဆု ဖွင့်ပေးမည်

ရန်ကုန် မတ် ၂၄

(၂၆၇)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် အမှတ် (၃၈၄) ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဧပြီ ၁ ရက်တွင် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၄ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၂၂ ဆု၊ ငွေကျပ် ၅ သိန်း နှစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် ၂ သိန်း ၁၃၂၀ ဆုနှင့် ငွေကျပ် ၁ သိန်း ၁၂၉၆၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၇၇၁ ဆုဖြစ်သည်။ (သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) မိတ်ဆုံအပန်းဖြေ သင်္ဘောခရီးထွက်မည်

ရန်ကုန် မတ် ၂၄

ရခိုင်သဟာယအသင်း (ရန်ကုန်)က ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေ နေ့ချင်းပြန်ခရီးစဉ်ကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ပြည်တွင်းရေကြောင်းပိုင် နှစ်ထပ်သင်္ဘောကြီးဖြင့် လမ်းသစ် ဆိပ်ခံဗောတံတားမှ ကျိုက်လတ်မြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ရခိုင်ရိုးရာ စားသောက်ဖွယ်ရာများကို ရောင်းချပေးမည်ဖြစ်ရာ ခရီးစဉ်တွင် လိုက်ပါလိုသူ ရခိုင်နွယ်ဖွားများနှင့် မိတ်ဆွေအပေါင်းအသင်းများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၀၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးစိုးမြင့်(ခ)အဏ္ဏဝါစိုးမိုး ဖုန်း-၀၉-၅၁၆၆၄၁၂၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဦးကျော်မောင် ဖုန်း-၀၉-၅၀၇၂၉၈၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးကျော်နိုင် ဖုန်း-၀၉-၅၀၆၁၈၈၄၊ ဒေါ်ခင်လှမြိုင် ဖုန်း-၀၉-၅၀၃၉၂၅၅၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၀၅၈၁၃၆နှင့် ရုံးဖုန်း-၄၃၀၃၇၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း၏ "နွေစပါးစိုက်ပျိုးခြင်း" နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ရှမ်း

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းကျော်ဇောသန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်းက **နွေစပါး စိုက်ပျိုးခြင်းသည် နိုင်ငံတော်အစိုးရ၏ အရေးကြီးပေါ်လစီတစ်ရပ်ဖြစ်သည်ဟု သိရပါကြောင်း၊ ယင်းနွေစပါး စိုက်ပျိုးခြင်းက ရှမ်းပြည်နယ်ဒေသအများစုမှ လယ်သမားများအတွက် အကျိုးမပြုဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်ကို သိရှိခြင်း ရှိ မရှိ၊ အခြေအနေမှန်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း၍ အဖြစ်မှန်ကို သိရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက မြန်မာနိုင်ငံသည် ဆန်ကိုအဓိကစားသုံးသော နိုင်ငံဖြစ်ပါကြောင်း၊ ဆန်စပါးသည် နိုင်ငံတော်အတွက် အရေးပါသော သီးနှံဖြစ်ပါကြောင်း၊ ဆန်ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်ပြည်လုံးအနေဖြင့် ဖူလုံပိုလျှံမှုရှိပြီးဖြစ်သည့်အပြင် ဒေသအလိုက် ဆန်ဖူလုံရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ရှမ်းပြည်နယ်တွင် ၂၀၀၉-၂၀၁၀ ခုနှစ်၌ မိုးစပါးဧက စုစုပေါင်း (၁. ၄၇၂၁၃၄) သန်း စိုက်ပျိုးခဲ့ပြီး စပါး တင်းသန်းပေါင်း (၁၁၆)သန်းကျော် ထုတ်လုပ်ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံး ဒေသဆန်ဖူလုံရေးအတွက် မိုးစပါး တိုးချဲ့စိုက်ပျိုးရန် အခက်အခဲရှိပါကြောင်း၊ သို့ပါ၍ အောင်မြင်ဖြစ်ထွန်းနိုင်သည့် နေရာများတွင် နွေစပါးစိုက်ပျိုးရေးကို နည်းလမ်းမျိုးစုံအသုံးပြု၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်၌ နွေစပါး ဧက (၈၀၀၀၀)ကျော် စိုက်ပျိုးထားပါကြောင်း၊ ရှမ်းပြည်နယ်၏ ရာသီဥတု အခြေအနေအရ အချို့နေရာများတွင် နွေစပါး စိုက်ပျိုးဖြစ်ထွန်းမှု အားနည်းနိုင်မှုရှိပါကြောင်း၊ အအေးဒဏ်ခံသော စပါးမျိုးများရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။**

နွေစပါးစိုက်ပျိုးရန် အခက်အခဲရှိပါက သက်ဆိုင်ရာအာဏာပိုင်များနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်ဝန်ထမ်းများသို့ အသိပေးရန် လိုအပ်ပါကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို စိစစ်ပြီး သီးနှံပြောင်းလဲစိုက်ပျိုးရေး အတွက် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ "စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီရေး ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်" နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက **စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်ရေး**

ကျောင်းကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း မေးမြန်းစဉ်။

(သတင်းစဉ်)

အတွက် ဓာတ်မြေဩဇာသုံးစွဲရေးသည် အရေးပါသည့် အချက်ဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေတွင် စိုက်ပျိုးရေး အတွက် လိုအပ်သည့် ဓာတ်မြေဩဇာများကို ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှ လည်းကောင်း တင်သွင်းထုတ်လုပ်ဖြန့်ဖြူးအသုံးပြုနေကြသည်ကို သိရှိရပါကြောင်း၊ သီးနှံအလိုက် အရည်အသွေးပြည့်ဝသော ဓာတ်မြေဩဇာကိုသုံးနိုင်မှသာ သီးနှံများ အထွက်နှုန်းတိုးမှာဖြစ်ပါကြောင်း၊ ဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီရေး ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ နှင့် ရှိပါက မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများ အရည်အသွေးကောင်း ဓာတ်မြေဩဇာများကို သုံးစွဲနိုင်ရေးအတွက် ဓာတ်မြေဩဇာဥပဒေကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင်လည်းကောင်း၊ မြေဩဇာဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၂၀၀၇ ခုနှစ် ဇူလိုင်လ (၁)ရက်နေ့တွင် လည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဓာတ်မြေဩဇာဥပဒေကို ပြဋ္ဌာန်းရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ မြေဩဇာလုပ်ငန်းများ စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်း ပြည့်မီသော မြေဩဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊ သင့်လျော်သောမြေဩဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊ မြေဩဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များထားရှိပါကြောင်း။

မြေဩဇာလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေဩဇာစံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ လိုင်စင်ရယူခြင်းတို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြေဩဇာကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ မြေဩဇာကော်မတီ၏ အတွင်းရေးမှူးအဖြစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ မြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း (သို့မဟုတ်) ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းများအတွက် မှတ်ပုံတင် လက်မှတ်ရရှိရေး၊ လိုင်စင်များရရှိရေးတို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်အတွင်း ရောက်ရှိနေသော ဓာတ်မြေဩဇာများမှ နမူနာများရယူ၍ ဓာတ်မြေဩဇာ အရည်အသွေးများ မှန်ကန်မှု ရှိ၊ မရှိ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူများ ဓာတ်မြေဩဇာကို ထိရောက်စွာနှင့် အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် နေရာဒေသကိုယ်စားပြု စီမံခန့်ခွဲမှုနည်းပညာ စမ်းသပ်ကွက်များ ဆောင်ရွက်၍ တစ်ဧက ဓာတ်မြေဩဇာ အသုံးပြုရမည့် နှုန်းထားသတ်မှတ်နိုင်ရေး၊ ဓာတ်မြေဩဇာထည့်သွင်းရမည့် အချိန်နှင့် ထည့်သွင်းနည်းစနစ်များမှန်ကန်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ အဓိက လိုအပ်နေသည့် ပုလဲဓာတ်မြေဩဇာ (ယူရီးယားဓာတ်မြေဩဇာ)ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း၌ ယခင်က တည်ဆောက်ထားပြီးဖြစ်သည့် ကျော်စွာ၊ စလေ၊ ကျွန်းချောင်း ယူရီးယားဓာတ်မြေဩဇာစက်ရုံများအပြင် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ၌ မြောင်းတကာ ယူရီးယားဓာတ်မြေဩဇာ စက်ရုံ၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ၌ ပုသိမ် ယူရီးယားဓာတ်မြေဩဇာစက်ရုံများကိုလည်း အသစ်တည်ဆောက် ထုတ်လုပ်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ အခြေအနေပေးမှုအပေါ် မူတည်ပြီး ယူရီးယားဓာတ်မြေဩဇာစက်ရုံများကို ဆက်လက်တည်ဆောက်သွားမှာဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ပကထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို တင်သွင်းဖြန့်ဖြူးလိုသူများအတွက်လည်း တင်သွင်းမည့် ဓာတ်မြေဩဇာများ၏ အရည်အသွေးကို စနစ်တကျ စစ်ဆေးပြီး ခွင့်ပြုလျက်ရှိပါကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သဘာဝနှင့် ဓာတုရောစပ်ထုတ်လုပ်သည့် မြေဩဇာများ၊ သဘာဝမြေဩဇာများကိုလည်း အရည်အသွေးများ စစ်ဆေးခွင့်ပြုပေးလျက်ရှိပါကြောင်း။

တောင်သူများကိုယ်တိုင်ထုတ်လုပ်နိုင်သည့် သစ်ရွက်ဆွေးမြေဩဇာ၊ တီကောင်စွန့်ပစ်မြေဩဇာ (Vermicompost)၊ နွားချေး၊ လင်းနို့ချေး စသည့် မြေဩဇာများကိုလည်း ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက် ရှိပါကြောင်း။

အရည်အသွေးမမီသည့် မြေဩဇာများ၊ အတုအပပြုလုပ်သည့် မြေဩဇာများ၊ ဖော်ပြထားသော အရည်အသွေးအတိုင်း မရှိသည့် မြေဩဇာများ တွေ့ရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

○ **ရွှေ့ဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၅၆)ဦး ရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့်(၉၉. ၇) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း၏ **"နွေစပါးစိုက်ပျိုးခြင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ **"စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီရေး ကြပ်မတ်ဆောင်ရွက်မည့်အစီအစဉ်"**နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ **"ရိဒ်မှ ဖလမ်းသို့ ကားလမ်းဖောက်လုပ်ခြင်းအား ရပ်နားထားခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး (ခ) ဒေါက်တာ ဗညားအောင်မိုး၏ **"ပါတီစုံဒီမိုကရေစီစနစ်"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏ **"လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် လျှပ်စစ်စီမံကိန်းများ အခြေအနေ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်း၏ **"ပညာရေးကဏ္ဍ၌ စကောလားရှစ်စနစ်ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရွှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ဖြေကြား ကြသည်။

ဆက်လက်၍ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၏ **"မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများကို ဤလွှတ်တော်ကကန့်ကွက်ကြောင်း"** အဆို၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း (ခ) ဦးမင်းထွန်း၏ **"ယခု နိုင်ငံတော်က ပုံဖော်မည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဈေးကွက်စီးပွားရေးကို ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြင်ပ ပညာရှင်များပါ ပါဝင်သော ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းများ၊ အကြံပြုချက်များ၊ စာတမ်းများပြုစုကာ အစိုးရကို အထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ **"နိုင်ငံ၏ စီးပွားရေးစီမံခန့်ခွဲမှုအတွက် အထူးအရေးပါသော မက်ခရိုစီးပွားရေးညွှန်းကိန်းများကို မှန်ကန်တိကျသော သတင်းအချက်အလက်များဖြင့် စုစည်းနိုင်စေရန်နှင့် တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) တန်ဖိုးများ တိကျစွာတွက်ချက်နိုင်စေရန် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် **"အထူးစီးပွားရေးဇုန်များ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုများကို တင်သွင်းခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို မတ်လ ၂၅ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကျွန်းစုမြို့နယ်၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူ

မြိတ် မတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆန်းလင်းဦးသည် ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာသို့ ရောက်ရှိပြီး လယ်ယာသန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော စာရင်းကောက်သူနှင့် ကြီးကြပ်သူများ၏ စာရင်းကောက်ပုံစံများအပေါ် ပြည့်စုံ မှန်ကန်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင်မြေစာရင်း)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ “ရိဒ်မှ ဖလမ်းသို့ ကားလမ်းဖောက်လုပ်ခြင်းအား ရပ်နားထားခြင်း”နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက **ချင်းပြည်နယ် ဖလမ်းမြို့မှ ရိဒ်မြို့နယ်ခွဲသို့ ဆက်သွယ်သည့် ဖလမ်း-ရိဒ်ကားလမ်းသည် ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများကို များစွာအကျိုးပြုခဲ့သော ချင်းတိုင်းရင်းသားများအားထားရာ နယ်စပ်ကုန်သွယ်ရေးလမ်း ဖြစ်ခဲ့ပါကြောင်း၊ သို့သော် မြေလမ်း၊ လမ်းကျဉ်းကလေးဖြစ်ပြီး မြေပြိုမှု၊ သဘာဝတိုက်စားမှုနှင့် ကားအသွားအလာများပြားမှုတို့ကြောင့် လမ်းပျက်စီး၍ ကားသွားလာ၍မရတော့ပါကြောင်း၊ ဤလမ်းကို နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဖြစ် ဖောက်လုပ်ရန် အိန္ဒိယနှင့်မြန်မာအစိုးရများ သဘောတူထားကြပြီး အိန္ဒိယဘက်မှ ကူညီဖောက်လုပ်ပေးရန် နှစ်နိုင်ငံသဘောတူပြီးဖြစ်သည်ဟု သိရှိရကြောင်း။**

အိန္ဒိယအစိုးရလမ်းဌာနက ၂၀၀၅ ခုနှစ် ဇူလိုင်လမှစ၍ ရိဒ်မှဖလမ်းသို့ လမ်းအူကြောင်းကို ရှာဖွေဖောက်လုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဧပြီလတွင် ဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရှိရပါကြောင်း၊ သို့သော်လည်း လမ်းအူကြောင်းသာရှိပြီး ယနေ့အထိ လမ်းဖောက်လုပ်နိုင်ခြင်းမရှိဘဲ ရပ်နားထားပါသဖြင့် လမ်းမဖောက်လုပ်နိုင်ရခြင်း အကြောင်းရင်းကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းများ အဆင်ပြေချောမွေ့စေရေးကို စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖလမ်းမြို့မှ နယ်စပ်ဒေသ ရိဒ်သို့ ဆက်သွယ်သွားလာနိုင်သည့် လမ်း (၂)လမ်း ရှိပါကြောင်း၊ ပထမလမ်းသည် ဖလမ်း-ရိဒ်လမ်း အရှည်(၆၄)မိုင်(၂)ဖာလုံဖြစ်ပြီး ဒုတိယလမ်းမှာ ဖလမ်း-တီးတိန်-ရိဒ်လမ်း အရှည် (၁၀၇)မိုင် (၅)ဖာလုံ ဖြစ်ပါကြောင်း။

ဖလမ်း-ရိဒ်ကားလမ်းကို နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဖြစ် ဖောက်လုပ်ရန် အိန္ဒိယနှင့် မြန်မာနိုင်ငံအစိုးရတို့ သဘောတူထားကြပြီး ယင်းလမ်းနှင့် ပတ်သက်၍ ၁၉၉၄ ခုနှစ်တွင် အိန္ဒိယအစိုးရကိုယ်စား မီဇိုရမ်ပြည်နယ်အစိုးရ Chief Secretary နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ မုံရွာမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

အထက်ပါ ဖလမ်း-ရိဒ်ကားလမ်း၏ လမ်းအူကြောင်းတိုင်းတာခြင်း၊ မြေတိုင်းခြင်းလုပ်ငန်းများကို အိန္ဒိယနိုင်ငံ Border Roads Organization (BRO) မြေတိုင်းအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများပူးပေါင်းပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မေလတွင် ပြီးစီးခဲ့ပါကြောင်း။

လမ်းအူကြောင်းတိုင်းတာခြင်းလုပ်ငန်း ပြီးစီးခဲ့သော်လည်း လမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ လမ်းအခြေအနေမှာ မြေလမ်း (၄၆)မိုင်၊ ကျောက်လမ်း (၁၈)မိုင် (၂)ဖာလုံ စုစုပေါင်း (၆၄)မိုင် (၂)ဖာလုံ ဖြစ်ပါကြောင်း။

ဖလမ်း-ရိဒ်ကားလမ်း (၆၄)မိုင် (၂)ဖာလုံ၏ လမ်းအခြေအနေမှာ ဖလမ်းမှ ရိဒ်အထိ အဆင်းကြမ်းပြီး အကွေ့အကောက်များသည့်အပိုင်း ဖြစ်ပါကြောင်း၊ ကုန်တင်ကားများ သွားလာရာ၌ အခက်အခဲရှိပြီး ၎င်းလမ်းမှ ကုန်စည်စီးဆင်းမှုမပြုဘဲ မြို့နယ်ချင်းဆက်လမ်း အဖြစ်သာ အသုံးပြုလျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖလမ်းခရိုင် ဆောက်လုပ်ရေးအဖွဲ့မှ လမ်းချဲ့ခြင်း၊ လမ်းသား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယလမ်းကြောင်းဖြစ်သည့် ဖလမ်း-တီးတိန်-ရိဒ်ကားလမ်းသည် အရှည် (၁၀၇)မိုင် (၅)ဖာလုံရှိပြီး တီးတိန်-ရိဒ်လမ်း အရှည်(၃၂)မိုင် (၃)ဖာလုံကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၂၀၀၂ ခုနှစ်မှ စတင်၍ လမ်းအူကြောင်း တိုင်းတာရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁)ကို တာဝန်ပေး ဖောက်လုပ်ခဲ့ပါကြောင်း၊ ဆက်လက်၍ တိုးတက်ပြုပြင်ခြင်း လုပ်ငန်းများနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ဖလမ်း-တီးတိန်-ရိဒ်ကားလမ်းအနေဖြင့် ကတ္တရာလမ်း (၅၄)မိုင် (၇)ဖာလုံ၊ ကျောက်လမ်း (၄)မိုင်၊ အမာခံလမ်း (၃၈)မိုင် (၃)ဖာလုံ၊ မြေလမ်း (၁၀)မိုင် (၃)ဖာလုံ စုစုပေါင်း (၁၀၇)မိုင် (၅)ဖာလုံ ဖြစ်ပါကြောင်း၊ ဂျစ်ကားများဖြင့် ရာသီမရွေး သွားလာနိုင်ပြီး ယခုလို ပွင့်လင်းရာသီအချိန်၌ မှန်လုံအမြန်ယာဉ်များပင် ပြေးဆွဲနေပြီဖြစ်ပါကြောင်း။

ဖလမ်း-ရိဒ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ (၆၄)မိုင် (၂)ဖာလုံ ရှည်လျားပြီး လမ်းကြောင်းတစ်လျှောက်ရှိ (၄)ရွာသာဖြတ်သန်းသွားသော်လည်း ဖလမ်း-တီးတိန်-ရိဒ်လမ်းမှာ အရှည် (၁၀၇)မိုင် (၅)ဖာလုံရှိပြီး မြို့(၁)မြို့နှင့် ရွာ (၁၅)ရွာ ဖြတ်သန်းသွားသည့်အတွက် ဖလမ်း-တီးတိန်-ရိဒ်လမ်းသည် ဒေသခံပြည်သူများအတွက် ပိုမိုအကျိုးရှိသည်ကို

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ဖလမ်း-ရိဒ်လမ်းမှာ ယာဉ်မောင်းချိန် (၆)နာရီ မိနစ် (၃၀)ခန့်သာ ကြာမြင့်ပြီး ဖလမ်း-တီးတိန်-ရိဒ်လမ်းမှာလည်း (၆)နာရီ မိနစ် (၃၀)ခန့်သာ ကြာမြင့်သည့်အတွက် ယာဉ်မောင်းချိန် တူညီသော်လည်း ဖလမ်း-တီးတိန်-ရိဒ် လမ်းကြောင်းမှာ ဖလမ်း-ရိဒ် လမ်းကြောင်းထက် လမ်းအူကြောင်း အနေအထားအရ အတက်အဆင်း ပြေပြစ်ပြီး မြေသားတည်ငြိမ်မှုရှိသည့်အတွက် သွားလာမှု ပိုမိုလုံခြုံချောမွေ့သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ဖလမ်း-တီးတိန်-ရိဒ်လမ်းကို ဦးစားပေး အဆင့်အနေဖြင့် ရွေးချယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ဖလမ်း-တီးတိန်-ရိဒ် အပိုင်းကို ဦးစားပေးအဆင့်သတ်မှတ်ပြီး အိန္ဒိယနိုင်ငံအကူအညီဖြင့် မြန်မာတိုင်းရင်းသားကုမ္ပဏီများက လမ်းအဆင့်မြှင့် ဖောက်လုပ်ရန်အတွက် စီစဉ်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံမှ ထောက်ပံ့ငွေ ရရှိရေးအတွက် ၎င်းတို့အစိုးရကို တင်ပြဆောင်ရွက်ဆဲ၌ပင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၁)မှ လမ်းတာပေါင်အကျယ် ပေ (၃၀) ရရှိရန် လမ်းချဲ့ခြင်း၊ မြေလမ်းများအား အမာခံလမ်းအဆင့် ကျောက်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေပြွန်နှင့် တံတားများကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း၊ ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက်လည်း မိုးရာသီ ပြင်ဆင်ထိန်းသိမ်းရေး အဖွဲ့များကို လမ်းအပိုင်းအလိုက် တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အလျဉ်းသင့်၍ ကိုယ်စားလှယ်တော်ကြီးကို အချက်အလက်တစ်ခု တင်ပြလိုပါကြောင်း၊ ဤသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်စံနှုန်းများ ကောက်ယူပြုစု၍ နိုင်ငံတကာ စံအညွှန်းကိန်း တွက်ချက်နှိုင်းယှဉ်ချက်များ ဖြစ်ပါကြောင်း။

စံအညွှန်းကိန်းဆိုသည်မှာ နယ်မြေဒေသတစ်ခု၏ လူဦးရေထောင်ပေါင်း၊ စုစုပေါင်းလမ်းမိုင် အရှည်၊ လမ်းအသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်စီးရေစသည့် (၃)မျိုးကို ကောက်ယူပြုစု၍ တွက်ချက်ခြင်း ဖြစ်ပါကြောင်း။

၂၀၁၀ ခုနှစ် ကောက်ယူရရှိသည့် အခြေခံစာရင်းများကို အသုံးပြု၍ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ စံအညွှန်းကိန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ချင်းပြည်နယ်၏ လူဦးရေနှင့် မိုင်အချိုးမှာ လူဦးရေ (၁၀၀၀)လျှင် လမ်းမိုင်(၂. ၀၂)၊ လမ်းမိုင်အရှည်နှင့် မော်တော်ယာဉ်စီးရေအချိုးမှာ တစ်စီးလျှင် လမ်းမိုင် (၃. ၄၉) ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး၏ လူဦးရေနှင့် လမ်းမိုင်အချိုးမှာ လူဦးရေ (၁၀၀၀)လျှင် လမ်းမိုင် (၀. ၁၇)၊ လမ်းမိုင်အရှည်နှင့် မော်တော်ယာဉ်စီးရေအချိုးမှာ တစ်စီးလျှင် လမ်းမိုင် (၀. ၀၂)ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှင့် လမ်းမိုင်အချိုးမှာ လူဦးရေ (၁၀၀၀)လျှင် လမ်းမိုင် (၀. ၀၉)၊ လမ်းမိုင်အရှည်နှင့် မော်တော်ယာဉ်စီးရေအချိုးမှာ တစ်စီးလျှင် လမ်းမိုင် (၀. ၀၁) ဖြစ်ပါကြောင်း။

ထို့ကြောင့် အထက်ပါ စံအညွှန်းကိန်းများကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ချင်းပြည်နယ်အနေဖြင့် အခြားတိုင်းဒေသကြီးများ၏ စံအညွှန်းကိန်းများထက် များစွာသာလွန်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက ချင်းပြည်နယ်အား အခြားဒေသများနည်းတူ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖော်ပြပါ စံအညွှန်းကိန်းများအရ သိရှိနိုင်ပါကြောင်း။

အိန္ဒိယနိုင်ငံနှင့် ချင်းပြည်နယ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ပထမဦးစားပေးအဖြစ် တီးတိန်-ရိဒ်ကားလမ်း ကို အဆင့်မြှင့်တင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒုတိယဦးစားပေးအဖြစ် ဖလမ်း-ရိဒ်လမ်းကြောင်းကို အဆင့်မြှင့်တင်ရန် အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆဲဖြစ်ပါကြောင်း၊ ဖလမ်းမှ ပြည်သူများ ရိဒ်သို့သွားလိုပါက လောလောဆယ် ချောမွေ့စွာ သွားနိုင်သော ဖလမ်း-တီးတိန်-ရိဒ်လမ်းအား အသုံးပြုပေးပါရန်နှင့် ဖလမ်း-ရိဒ် လမ်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်ရရှိသော ရန်ပုံငွေအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး(ခ) ဒေါက်တာဗညားအောင်မိုး၏ “ပါတီစုံဒီမိုကရေစီစနစ်” နှင့် စပ်လျဉ်းသည့်မေးခွန်းကို ရွှေ့နေချုပ် ဦးအေးမောင် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး (ခ) ဒေါက်တာဗညားအောင်မိုးက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၌ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်ချမှတ်ထားသည်တွင် အစိုးရပါတီနှင့် အတိုက်အခံပါတီဟူ၍ ခွဲခြားထားခြင်း ရှိ၊ မရှိ၊ အစိုးရနှင့် အတိုက်အခံပါတီဟူ၍ မခွဲခြားထားလျှင် နိုင်ငံရေးပါတီများအားလုံး တူညီသောလုပ်ငန်းစဉ်များ၊ တူညီသောဦးတည်ချက်များကို အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရန် သင့်၊ မသင့်နှင့် အဆိုပါမေးခွန်းနှစ်ခုကို အခြေခံ၍ ပါတီစုံပါဝင်သည့် အစိုးရဖွဲ့ရန် သင့်၊ မသင့် သိရှိလိုပါကြောင်း**ဖြင့် မေးမြန်း သည်။

ရွှေ့နေချုပ် ဦးအေးမောင် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ရွှေ့နေချုပ် ဦးအေးမောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်း၊ ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟူ၍ လည်းကောင်း၊ အခန်း(၁၀) နိုင်ငံရေးပါတီများ အခန်း၊ ပုဒ်မ ၄၀၅ တွင် နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအရ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဖြစ်၍ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့တွင် ပါဝင်သော နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားနိုင်ငံရေးကို သက်ဆိုင်ရာ လွှတ်တော်အလိုက် အတူတကွ ထမ်းဆောင်နေကြခြင်းဖြစ်၍လည်းကောင်း၊ လွှတ်တော်အသီးသီးတွင် ပါဝင်သော ကိုယ်စားလှယ်များသည်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတစ်ခုတည်းမှ မဟုတ်ဘဲ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ကချင်ပြည်နယ်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၂ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၁ ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ ၁ ဦး၊ ကရင်ပြည်နယ်၌ ကရင်ပြည်သူ့ပါတီမှ ၁ ဦး၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ၂ ဦး၊ ချင်းပြည်နယ်၌ ချင်းတိုးတက်ရေးပါတီမှ ၂ ဦး၊ ချင်းအမျိုးသားပါတီမှ ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၂ ဦး၊ မကွေးတိုင်းဒေသကြီး၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ မွန်ပြည်နယ်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၃ ဦး၊ ရခိုင်ပြည်နယ်၌ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၈ ဦး၊ ရှမ်းပြည်နယ်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၂ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၁၇ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ၃ ဦး၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီမှ ၂ ဦး၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၁ ဦး၊ တအောင်း (ပလောင်) အမျိုးသားပါတီမှ ၁ ဦး၊ တစ်သီးပုဂ္ဂလမှ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦးတို့သည် လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် ကချင်ပြည်နယ်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၃ ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ၁ ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ ၁ ဦး၊ တစ်သီးပုဂ္ဂလမှ ၁ ဦး၊ ကရင်ပြည်နယ်၌ ကရင်ပြည်သူ့ပါတီမှ ၁ ဦး၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၁ ဦး၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ၃ ဦး၊ ချင်းပြည်နယ်၌ ချင်းတိုးတက်ရေးပါတီမှ ၄ ဦး၊ ချင်းအမျိုးသားပါတီမှ ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ မွန်ပြည်နယ်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၃ ဦး၊ ရခိုင်ပြည်နယ်၌ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၄ ဦး၊ ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၂ ဦး၊ တအောင်း (ပလောင်)အမျိုးသားပါတီမှ ၁ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ၁ ဦး၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီမှ ၁ ဦးတို့သည် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွင် ကချင်ပြည်နယ်၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၄ ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ၁၁ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၄ ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီကချင်ပြည်နယ်(စဒက)မှ ၂ ဦး၊ တစ်သီးပုဂ္ဂလမှ ၁ ဦး၊ ကယားပြည်နယ်၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ ကရင်ပြည်နယ်၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၃ ဦး၊ ကရင်ပြည်သူ့ပါတီမှ ၂ ဦး၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၂ ဦး၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ် ပါတီမှ ၄ ဦး၊ တစ်သီးပုဂ္ဂလမှ ၁ ဦး၊ ချင်းပြည်နယ်၌ ချင်းတိုးတက်ရေးပါတီမှ ၅ ဦး၊ ချင်းအမျိုးသားပါတီမှ ၅ ဦး၊ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၈ ဦး၊ ချင်းတိုးတက်ရေးပါတီမှ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ မှ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ၅ ဦး၊ ကရင်ပြည်သူ့ပါတီမှ ၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ **စာမျက်နှာ ၆ ကော်လံ ၁ သို့**✳

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏ "လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် လျှပ်စစ်စီမံကိန်းများ အခြေအနေ" နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ပြန်လည်ဖြေကြား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက ဧရာဝတီမြစ်ဆုံတွင် လျှပ်စစ်စက်တပ်ဆင်အား မဂ္ဂါဝပ် (၆၀၀၀)ရှိသော မြန်မာနိုင်ငံ၏အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီး တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဟု ကြားသိရပါကြောင်း၊ ဧရာဝတီမြစ်ဆုံ မေခ၊ မလိခ မြစ်ဝှမ်းနှင့် အခြား သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရခိုင်ပြည်နယ်စသည့် နေရာများတွင်လည်း ရေအားလျှပ်စစ်စီမံကိန်းများ အများအပြားတည်ဆောက်နေသည်ကို သတင်းများတွင် တွေ့ရှိနေရပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် နှစ်အနည်းငယ်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်စုံလုံလောက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေနှင့် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ပြည့်စုံစွာ သိရှိလိုပါကြောင်း။

မိမိတို့ ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူလယ်သမားများနှင့် ပြည်သူများသည် ဧရာဝတီမြစ်ကို အားကိုးအားထား ပြုလုပ်၍ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေရပါကြောင်း၊ ဧရာဝတီမြစ်ဆုံ စီမံကိန်းကြောင့် ဧရာဝတီမြစ်၏ အောက်ဘက်၌ရှိသော ဒေသများ တစ်လျှောက် ထိခိုက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပါကြောင်း၊ ထို့ကြောင့် မည်ကဲ့သို့သော ထိခိုက်မှုများ ရှိလာနိုင်သည်၊ ထိခိုက်မှုများ ရှိမည်ဆိုပါက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်၊ ပြည်သူများအနေဖြင့် မည်သည့်ကိစ္စများ ကြိုတင်ဆောင်ရွက်ထားရမည်ဆိုသည်ကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းစဉ်။

(သတင်းစဉ်)

အဆိုပါမေးမြန်းချက်များနှင့်စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ဦးခင်မောင်ရီ မေးမြန်းသော မေးခွန်းတွင် အချက်(၂)ချက် ပါဝင်ပါကြောင်း၊ ပထမအချက်မှာ ယနေ့ဓာတ်အား ထုတ်လုပ်မှုအခြေအနေနှင့် တည်ဆောက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများကို သိလိုကြောင်းဖြစ်ပြီး ဒုတိယအချက်မှာ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ဧရာဝတီမြစ်၏ အောက်ဘက်ပိုင်း၌ရှိသော ဒေသများ တစ်လျှောက် စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများ ရှိနိုင်/မရှိနိုင်၊ ရှိပါက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်နည်း၊ ပြည်သူများအနေဖြင့် မည်သည့်ကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ထားရမည်နည်း ဆိုသော အချက်(၂)ချက်ပါဝင်ပါကြောင်း။

ပထမမေးခွန်းအနေဖြင့် ယနေ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေနှင့် တည်ဆောက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများ အခြေအနေကို ဖြေကြားမှာ ဖြစ်ပါကြောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက်လျှပ်စစ်စီမံကိန်းများ တည်ဆောက်ပေးခြင်းကို အဓိကဆောင်ရွက်ရပါကြောင်း၊ လက်ရှိ တပ်မတော်အစိုးရ စတင်တာဝန်ယူသည့် ၁၉၈၈ ခုနှစ် ကာလ၌ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂)ရုံ နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ(၇)ရုံ၊ ပေါင်း ဓာတ်အားပေးစက်ရုံ (၉)ရုံရှိပြီး စုစုပေါင်း လျှပ်စစ် စက်တပ်ဆင်အား (၅၂၉)မဂ္ဂါဝပ်သာ ရှိပါကြောင်း၊ ယနေ့အထိနိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၆)ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (၁)ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၁၄)ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ (၃၁)ရုံရှိလာပြီး စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား (၃၂၈၅)မဂ္ဂါဝပ် ရှိလာပြီဖြစ်ပါကြောင်း၊ သို့ပါ၍ ဤကာလအတွင်း ဓာတ်အားပေးစက်ရုံ(၂၂)ရုံနှင့် လျှပ်စစ်စက်တပ်ဆင်အား (၂၇၅၆)မဂ္ဂါဝပ် တိုးတက်တည်ဆောက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၂၀၀၁ ခုနှစ်မှ စတင်၍ နှစ် (၃၀)လျှပ်စစ်မဟာဗျူဟာ နှစ်ရှည်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများသည် နည်းပညာ ရှုပ်ထွေးခြင်း၊ စီမံကိန်းနေရာ၏ ဘူမိဗေဒ မြေသားအခြေအနေ ကောင်းမွန်ခြင်း၊ ညံ့ဖျင်းခြင်း၊ အမျိုးမျိုးသော ယာဉ်၊ ယန္တရား လိုအပ်ချက်များ၊ ဘဏ္ဍာငွေ ခွဲဝေရရှိမှု အခြေအနေတို့အပေါ်မူတည်၍ စီမံကိန်းကြာမြင့်ချိန် (၅)နှစ်မှ(၁၀)နှစ်အထိကြာတတ်ပါကြောင်း၊ သို့သော်လည်း စီမံကိန်းတစ်ခုချင်းကို နှစ်အလိုက် စတင်လုပ်ဆောင်ခဲ့မှုများကြောင့် နှစ်စဉ်နှစ်တိုင်း တစ်ခုပြီးတစ်ခု ပြီးစီးနေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၌ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိလာစေရေးကို ရည်ရွယ်ပြီး လျှပ်စစ်စီမံကိန်းကြီးများကို ဝန်ကြီးဌာနများကိုယ်တိုင် တည်ဆောက်သောနည်းလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပြုလျက် တည်ဆောက်သောနည်းလမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍နိုင်ငံတော်အစိုးရကိုယ်စား ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများ ဖက်စပ်စာချုပ်ချုပ်ဆို၍အကောင်အထည်ဖော်သော နည်းလမ်းဟူ၍ နည်းလမ်း (၃)ခုနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နေသော လျှပ်စစ်စီမံကိန်း (၁၅)ခု၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်း(၉)ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြင့် ဖက်စပ်စာချုပ် ချုပ်ဆို၍ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်း (၄၄)ခု စုစုပေါင်း လျှပ်စစ်စီမံကိန်း(၆၈)ခု ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်ရရှိလာမည့် လျှပ်စစ် စက်တပ်ဆင်အားအနေဖြင့် (၄၅၅၆၈) မဂ္ဂါဝပ်ရှိပါကြောင်း၊ ၎င်းလျှပ်စစ်စီမံကိန်းများသည်လည်း ကာလအလိုက် ပြီးစီးသွားမည်ဖြစ်ပါကြောင်း။

အထက်တွင်တင်ပြခဲ့သော လျှပ်စစ်စီမံကိန်းများသည် နိုင်ငံတော်၏ အနာဂတ် လျှပ်စစ်စွမ်းအားကိုသိသိသာသာထူးခြားပြောင်းလဲ တိုးတက်ဖြစ်ပေါ်စေမည့် လျှပ်စစ်စီမံကိန်းများ ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင် ကိစ္စများနှင့် ပြန်လည်နေရာချထားရေး ကိစ္စများကို အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်ဆုံစီမံကိန်းကြောင့် ဧရာဝတီမြစ်၏ အောက်ဘက်ဒေသများ ထိခိုက်မှု ရှိ/မရှိ ဆိုသည့်အပိုင်း၌ မြစ်ဆုံစီမံကိန်း တည်ဆောက်သည့် စီမံကိန်းနေရာ၌ နှစ်စဉ်မိုးရွာသွန်းမှုသည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်(၉၁)လက်မရှိပါကြောင်း၊ မြစ်အတွင်းသို့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ဧကပေအားဖြင့် (၁၂၈၅.၂)သိန်း ဖြစ်ပါကြောင်း၊ တည်ဆောက်မည့် တမံအမျိုးအစားသည် ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံ (Concrete Face Rockfill Dam)အမျိုးအစားဖြစ်ပြီး တမံအလျားပေ(၄၃၀၀)၊ တမံအမြင့် (၄၅၈) ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ(၉၇.၈၈)သိန်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် တမံအတွင်း ရေသိုလှောင်မည့် ပမာဏသည် စီးဝင်ရေ ပမာဏ၏ (၇.၆) ရာခိုင်နှုန်းသာ ဖြစ်သည့်အတွက် စီးဝင်ရေပမာဏ၏ (၉၂.၄) ရာခိုင်နှုန်းသည် ဧရာဝတီမြစ်ထဲ၌ စီးဆင်းမြဲ စီးဆင်းနေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မြစ်ဆုံတမံ၌ သိုလှောင်ထားသည့်ရေသည်လည်းလျှပ်စစ်ဓာတ်အားပေးစက် မောင်းနှင်သည့်အခါတွင် စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် ဧရာဝတီမြစ်ထဲကိုသာ ပြန်လည်စီးဆင်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဧရာဝတီမြစ်ကို အမှီပြု၍ ဆောင်ရွက်ရသော စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ထိခိုက်မှုလုံးဝမရှိပါကြောင်း၊ ထို့အပြင် မြစ်များ၌ တမံပိတ်လိုက်၍ မြစ်ထဲတွင် စီးဆင်းမည့်ရေ လျော့သွားသည့်အခါ အထူးသဖြင့် မြစ်ရေနည်းသည့် နွေရာသီကာလမျိုးတွင် ပင်လယ်ရေငန်ဝင်ရောက်မှု ပိုမိုများပြားလာတတ်ပြီး မြစ်အဝပိုင်းဘက်၌ဆားငန်ရေဝင်ရောက်မှုကြောင့် စိုက်ပျိုးမြေများ ထိခိုက်တတ်ပါကြောင်း၊ သို့သော်လည်း မြစ်ဆုံတမံအနေဖြင့်မူ ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့်အတွက် နွေရာသီကာလတွင်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်နေမည်ဖြစ်သည့်အတွက် စက်ရုံရေထုတ်မြောင်းမှ ရေသည် ဧရာဝတီမြစ်ထဲသို့ ပုံမှန်စီးဝင်နေမည်သာဖြစ်ရာ စီမံကိန်းပြီးစီးသွားပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် အချိန်၌ ဧရာဝတီမြစ်ရေသည် နွေကာလ၌ပင် ယခင်နွေကာလများထက် (၁.၅) ပေမှ (၂)ပေခန့်အထိ မြင့်တက်နေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆားငန်ရေဝင်ရောက်မှုကို ပိုမိုကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် ရေကြောင်းသွားလာမှု အပိုင်းတွင်လည်း ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါကြောင်း။**

ထို့ကြောင့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကြောင့် ဧရာဝတီမြစ်၏ အောက်ဘက်ပိုင်း ဒေသများတွင် စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများ လုံးဝမရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ (သတင်းစဉ်)

✳ **စာမျက်နှာ ၅ မှ**

လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၄ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ၁ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၁ ဦး၊ မွန်ပြည်နယ်၌ လူမျိုးအလိုက်ကိုယ်စားလှယ် ၃ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၂ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၇ ဦး၊ ရခိုင်ပြည်နယ်၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၁ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ၁၈ ဦး၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီမှ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၂ ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ၈ ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ၂ ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၄ ဦး၊ ကရင်ပြည်သူ့ပါတီမှ ၁ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ၁ ဦး၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ၁ ဦး၊ ရှမ်းပြည်နယ်၌ လူမျိုးအလိုက်ကိုယ်စားလှယ် ၇ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ၃၁ ဦး၊ ကယန်း အမျိုးသားပါတီမှ ၂ ဦး၊ တအောင်း(ပလောင်) အမျိုးသားပါတီမှ ၄ ဦး၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၃ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ၆ ဦး၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၁ ဦး၊ 'ဝ'ဒီမိုကရက်တစ်ပါတီမှ ၃ ဦး၊ တစ်သီးပုဂ္ဂလမှ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ လူမျိုးအလိုက် ကိုယ်စားလှယ် ၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၆ ဦးတို့သည်လည်းကောင်း အသီးသီး ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသဖြင့် အစိုးရပါတီနှင့် အတိုက်အခံပါတီဟူ၍ ခွဲခြားထားခြင်း မရှိပါကြောင်း။

လွှတ်တော်အသီးသီး၌ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အခွင့်အရေးကော်မတီဟူ၍ ဖွဲ့စည်းရာတွင်လည်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များအပြင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဒေါ်နန်းဝါနု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသောင်း၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးဘရှိန်၊ ချင်းအမျိုးသားပါတီမှ ဦးငွန်မောင်း၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ ဒေါ်ဒွဲဘူတို့ပါဝင်ကြပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ အပြင် စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ ဦးခက်ထိန်နန်၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးမန်းအောင်တင်မြင့်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါက်တာမြတ်ညာဏစိုး၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးကျော်ထွန်းအောင်၊ 'ဝ' ဒီမိုကရက်တစ်ပါတီမှ ဦးဆိုင်ပေါင်းနပ်တို့ ပါဝင်ကြပါကြောင်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များအပြင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ဦးစိုင်းသီဟကျော်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးမန်းမောင်မောင်ညာဏ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်တင်နွယ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခင်မောင်သောင်း၊ ချင်းတိုးတက်ရေးပါတီမှ ဦးခွန်လိန်းတို့ ပါဝင်ကြပြီး အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဘရန်ရှောင်၊ ချင်းတိုးတက်ရေးပါတီမှ ဦးဇုန်လှယ်ထန်း၊ ချင်းအမျိုးသားပါတီမှ ဦးစတီဗင်သာဘိတ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်ခင်ဝိုင်းကြည်၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးခင်မောင်တို့ ပါဝင်ကြပါကြောင်း၊ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များအပြင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဒေါ်မိမြင့်သန်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါက်တာသန်းဝင်း၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးစောသိန်းအောင်တို့ ပါဝင်ပြီး အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဂျေယောဝူး၊ ကရင်ပြည်သူ့ပါတီမှ ဦးစောတော်ပလဲ၊ ချင်းတိုးတက်ရေးပါတီမှ ဦးငွေ့ယိမ်း၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဦးနိုင်ထွန်းအုံ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးကျော်ကျော်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးနေဝင်းထွန်းတို့ပါဝင်ကြ၍ အစိုးရနှင့် အတိုက်အခံပါတီဟူ၍ ခွဲခြားထားမှုမရှိခြင်းကြောင့် နိုင်ငံရေးပါတီများအနေဖြင့် တူညီသောလုပ်ငန်းစဉ်များနှင့် တူညီသော ဦးတည်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှ ဖြစ်စေ သတ်မှတ်သော အရည်အချင်းများနှင့် ပြည့်စုံသည့် သင့်လျော်သော ပုဂ္ဂိုလ်များကို သက်ဆိုင်ရာလွှတ်တော် အသီးသီး၏ သဘောတူညီချက်ဖြင့် ခန့်အပ်နိုင်ပါကြောင်း၊ အမျိုးသား နိုင်ငံရေးကို ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသာမက၊ သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသည့် ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များကိုပါ တာဝန်ပေးခန့်အပ်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်၍ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ အရည်အချင်းပြည့်စုံသူများကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေး ဖွဲ့စည်းနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၂။	ဦးတည်ချက် (၁၂)ရပ်
၈း၁၃	၁၃။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၄။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၅။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၃	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	မဟာဂီတချိုကြည်မြ
၄း၂၀	၇။	မြန်မာစာ၊ မြန်မာစကား (အပိုင်း-၁၀)
၄း၂၅	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၁၀။	အိုင်စီတီသုတ
၄း၄၅	၁၁။	မီးသတိပေးနှိုးဆော်ချက်
၄း၅၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	၁၃။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၃)
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	"ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆၉)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဦးတည်ချက်(၁၂)ရပ်
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	စိုက်ပျိုးသုတ
	၂၅။	သံစဉ်များနှင့်ကမ္ဘာ
	၂၆။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၄)**
	၂၉။	ကမ္ဘာတစ်ခွင်ခရီးစဉ်
	၃၀။	သင့်အတွက်မနက်ဖြန်
	၃၁။	အပိတ်နှုတ်ဆက်စကား
	၃၂။	ပြီးပါပြီ။

တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၏ "ပညာရေးကဏ္ဍ၌ စကောလားရှစ်စနစ် ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက **ပညာရေးနှင့်ပတ်သက်၍ ၁၉၆၂ ခုနှစ်မတိုင်မီ မြန်မာပြည်ပညာရေးစနစ်၌ ထူးချွန်သူများပေါ်လာရန်၊ အခြေခံပညာအစိုးရကျောင်းများကလည်း ထူးချွန်သူများ ပေါ်ထွက်သည်ကို ပြနိုင်ရန် စကောလားရှစ်စနစ် ကျင့်သုံးခဲ့သည်ကို သိရှိရပါကြောင်း၊ ထိုအချိန်က (၄)တန်း၊ (၇)တန်း၊ (၁၀)တန်းများတွင် စကောလားရှစ်စာမေးပွဲများ သီးခြားကျင်းပ ဆောင်ရွက်ကြောင်း တွေ့ရှိရပြီး သတ်မှတ်ထားသောအရည်အချင်းပြည့်မီသူများကို သတ်မှတ်ထားသော အရေအတွက်အတိုင်း တန်းစဉ်အလိုက် ထောက်ပံ့ကြေးများပေးသည်ကို သိရှိရပါကြောင်း။**

ထူးချွန်ကြိုးစားအောင်မြင်၍ စကောလားရှစ် ရသူများသည် စီးပွားရေးအရ သက်သာချောင်ချိသကဲ့သို့ စိတ်ဓာတ်ရေးရာမြင့်မားပြီး ပိုမိုကြိုးစားလာကြောင်းကို ကြားသိရပါကြောင်း၊ ထိုစကောလားရှစ်စနစ်ကြောင့် ကျောင်းတိုင်းရှိ ကျောင်းသားတိုင်း ကြိုးစားယှဉ်ပြိုင်လာခြင်းရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း မိမိတို့ကျောင်းမှ မိမိတပည့်များထဲမှထူးခြားစွာ အောင်မြင်ရေးအတွက် ကြိုးစားပမ်းစား သင်ကြားပို့ချပေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကြိုးစားမှု၊ ပညာထူးချွန်မှု၊ ကျောင်းဆရာ၊ ဆရာမများ၏ ကြိုးစားသင်ကြားမှု စသည်ဖြင့် ဘက်ပေါင်းစုံမှ အကျိုးကျေးဇူးများ ရရှိကြောင်း တွေ့ရှိရပါ၍ နောင်လာမည့် အစိုးရသစ်အနေဖြင့် ဤကဲ့သို့ အကျိုးဖြစ်ထွန်းသော စကောလားရှစ်စနစ် ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိလျှင်မည်သည့်အချိန်တွင် စတင် ကျင့်သုံးမည်၊ မကျင့်သုံးနိုင်လျှင်လည်း မည်သည့်အတွက်ကြောင့် မကျင့်သုံးနိုင်သည်ကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်း မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက **ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအခြေအနေတွင် အဆင့်မြင့်ပညာကဏ္ဍ၌ ပညာထူးချွန်သူများကို ပညာသင်ဆု ချီးမြှင့်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍ၌ နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်လျက်ရှိရာ ပညာသင်နှစ် တစ်နှစ်လျှင် ပျမ်းမျှကျောင်းသား၊ ကျောင်းသူ ၁၅၀၀ ခန့်ကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း။**

စကောလားရှစ် ပညာသင်ဆု ချီးမြှင့်မှု အစီအစဉ်မှာ ပညာရည်ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုနိုင်သောအစီအစဉ် ဖြစ်ပါကြောင်း၊ အဆိုပါ အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ လုပ်ထုံး လုပ်နည်းနှင့် စည်းကမ်းချက်များ ချမှတ်ပေးရန်လိုအပ်ပါသဖြင့် အစိုးရသစ်မှ တာဝန်ယူပြီး နောက်ပိုင်းတွင် စီစဉ်ဆောင်ရွက်ရန် သင့်လျော်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၄

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အသစ်တင်သွင်းသော အဆိုများကို ပြည်ထောင်စုလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက **"မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများကို ဤလွှတ်တော်က ကန့်ကွက်ကြောင်း"** အဆိုကို တင်သွင်းသည်။ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွား လိုလားကြသူတိုင်းက လက်မခံပါကြောင်း၊ သို့ပါ၍ ပြည်သူများ၏ ဆန္ဒနှင့်အညီ ပိတ်ဆို့မှုများအား ကန့်ကွက်ပါကြောင်း၊ နိုင်ငံနှင့်ပြည်သူ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအားလက်ကမ်းကြိုဆိုပါကြောင်းနှင့် အပြုသဘောမဆောင်သည့် ပိတ်ဆို့တားဆီးမှုများအား စုစည်းညီညွတ်စွာဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တင်သွင်းဆွေးနွေးသည်။

ယင်းအဆိုကို လောင်းလုံမဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေးက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်ထောင်စုလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေးအပြီးတွင်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းက **"ယခုနိုင်ငံတော်က ပုံဖော်မည့်စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဈေးကွက်စီးပွားရေးကို ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြင်ပပညာရှင်များပါ ပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းများ၊ အကြံပြုချက်များ၊ စာတမ်းများပြုစုကာအစိုးရကိုအထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်ကို သိရှိရပါသဖြင့် အဆိုကို မတင်သွင်းလိုတော့ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက **"နိုင်ငံ၏ စီးပွားရေးစီမံခန့်ခွဲမှုအတွက် အထူးအရေးပါသော မက်ခရို စီးပွားရေးညွှန်းကိန်းများကို မှန်ကန်တိကျသော သတင်းအချက်အလက်များအဖြစ် စုစည်းနိုင်စေရန်နှင့် တစ်မျိုးသားလုံး ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) တန်ဖိုးများ တိကျစွာ တွက်ချက်နိုင်စေရန် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံပါကြောင်း တင်ပြသည်။

အဆိုရှင် ဒေါက်တာမြတ်ဉာဏစိုးက အဆိုနှင့်ပတ်သက်၍ ရှင်းလင်းပြီးနောက် ၎င်းအနေဖြင့် ယင်းအဆိုကိုပင် ပြင်ဆင်ဖြည့်စွက် တင်သွင်းလိုကြောင်း တင်ပြခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၃ (က) အရ ပြင်ဆင်ချက်အဆိုတင်သွင်းလိုပါက ယင်းပြင်ဆင်ချက်ကို ဆွေးနွေးမည့် နေ့ရက်မတိုင်မီ အနည်းဆုံး (၃)ရက်ကြိုတင်၍ ပေးပို့ရမည်ဖြစ်ရာ အဆိုရှင်၏ တင်ပြချက်သည် လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်ထောင်စုလွှတ်တော်၏ ဆန္ဒကိုရယူရာ တင်ပြချက်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်း၊ ယင်းအဆိုကို နိုင်ငံတော်ကလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ခြင်းတို့ကြောင့် ၎င်းအဆိုကို ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောမတူသည့်အတွက် အဆိုပျက်ပြယ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက **"အထူးစီးပွားရေးဇုန်များ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်ကျော်က ထောက်ခံပါကြောင်း တင်ပြသည်။

၎င်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆန္ဒရယူရာ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ခြင်း၊ ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေကိုလည်း ထုတ်ပြန်ပြဌာန်းပြီးဖြစ်ခြင်း၊ အထူးစီးပွားရေးဇုန်များ တိုးချဲ့အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့်အပြင် အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများလည်း ရှိပြီးဖြစ်ခြင်းတို့ကြောင့် သဘောမတူသူများ ရှိနေသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူသည်။ ယင်းသို့ စက်ခလုတ် အသုံးပြု၍ ဆန္ဒမဲရယူရာ ၎င်းအဆိုအပေါ် ထောက်ခံမဲ (၁၃၉)မဲ၊ ကန့်ကွက်မဲ (၄၃၅)မဲ၊ ကြားနေမဲ (၆၀)မဲဖြစ်သည့်အတွက် ယင်းအဆို ပျက်ပြယ်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

ပတ္တော် အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပတ္တော် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ပတ္တော် အထက(စံပယ်ဆောင်)၌ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသည့် သက်ပြည့်(အငြိမ်းစား) ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဦးခင်မောင်သန်း ဖုန်း-၀၉-၈၅၅၇၂၀၉၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း-၀၉-၈၅၅၇၂၉၄၊ ဦးခင်မောင်ဝင်း ဖုန်း-၀၅၃-၈၃၃၁၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာပြည်ခရီးသွားလမ်းညွှန် ၂၀၁၁ စာအုပ်ထွက်ရှိ

ရန်ကုန် မတ် ၂၄

Golden Hope Int'l., Ltd. က တာဝန်ယူပြုစုထုတ်ဝေသည့် မြန်မာပြည်ခရီးသွားလမ်းညွှန် ၂၀၁၁ (Myanmar Travels & Tours Directory 2011) စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာပြီဖြစ်ကြောင်းသိရသည်။

ဤစာအုပ်တွင် အခြားခရီးသွားလမ်းညွှန်စာအုပ်များ အပါအဝင်မည်သည့် လမ်းညွှန်စာအုပ်တွင်မျှ ဖော်ပြဖူးခြင်းမရှိသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရုံးစိုက်ရာ မြို့များ၊ ရုံးမစိုက်သောမြို့များအားလုံး၏ တည်နေရာများ၊ သွားရောက်နိုင်ပုံနှင့် ခရီးမိုင်အကွာအဝေးများကို တစ်မြို့ချင်းအသေးစိတ် ရှင်းလင်းဖော်ပြလမ်းညွှန်ထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘုရားပုထိုး၊ စေတီများ၊ ထင်ရှားအရေးပါသည့် နေရာဒေသများ၊ အခြားစိတ်ဝင်စားစရာ နေရာဒေသများကိုလည်း စုဆောင်းရေးသားဖော်ပြထားသည်။ ထို့အပြင် မြို့ရွာဒေသ ၂၃၀ ကျော်၏ အစိုးရရုံးများ၊ တည်းခိုစရာ၊ စားသောက်စရာ အစရှိသည့် ခရီးသွားလာမှုနှင့် စပ်ဆိုင်သော လုပ်ငန်းများနှင့် အခြားအရေးပါသည့် လုပ်ငန်းများ၏ တည်နေရာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကိုလည်း စုဆောင်းရှာဖွေဖော်ပြထားသည်။အဆိုပါ အချက်အလက်များကို အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းဖော်ပြ ရေးသားထားကြောင်း တွေ့ရှိရသည်။

ထူးခြားပြည့်စုံ

ဤစာအုပ်မှာ ခရီးသွားမည့်သူတိုင်း၊ လူတိုင်း၊ အိမ်တိုင်း၊ ကုမ္ပဏီအဖွဲ့အစည်းတိုင်း မဖြစ်မနေဆောင်ထားရမည့် မြန်မာတစ်ပြည်လုံးအတွက် ခရီးသွားလမ်းညွှန်စစ်စစ်စာအုပ်ဖြစ်ကြောင်းနှင့် ဤသို့လူတိုင်း၊ အိမ်တိုင်း၊ လုပ်ငန်းအဖွဲ့အစည်းတိုင်း ဆောင်ထားရမည့် ထူးခြားပြည့်စုံသည့် "ဤ မြန်မာပြည် ခရီးသွားလမ်းညွှန်" စာအုပ်တွင် ကြော်ငြာထည့်သွင်းခြင်းဖြင့် မိမိတို့လုပ်ငန်းများအောင်မြင်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ရယူနိုင်ကြောင်း ထုတ်ဝေသူက ဖော်ညွှန်းထားသည်။

အထူးဈေးနှုန်း

ဤစာအုပ်ကို အမြို့မြို့စာအုပ်ဆိုင်များနှင့် Super-market ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း၊ ယမန်နှစ် 2010 Issue ဝယ်ယူထားသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ၂၀၁၁ ဧပြီလမကုန်မီ ကြော်ငြာထည့်သွင်းသူများအတွက်လည်း အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဤစာအုပ်ကို စိတ်ဝင်စားသူများနှင့် ကြော်ငြာထည့်ဝင်လိုသူများ Golden Hope Int'l., Ltd. ဖုန်း-၇၀၃၂၂၀၊ ၂၀၀၂၇၆ နှင့် ၀၉-၇၃၁၂၄၂၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Yagon LifeStyle Furniture Fair 2011 ပြပွဲတွင် Sinma Furnishings Co., Ltd. ပါဝင်ပြသစဉ်။ (သတင်းစဉ်)

Yagon LifeStyle Furniture Fair 2011 Sinma Furnishings Co., Ltd. ပါဝင်ပြသ

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ Yagon LifeStyle Furniture Fair 2011 ပြပွဲကို ပြသလျက်ရှိရာ Sinma Furnishings Co., Ltd. လည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ ပြခန်းတွင် ခေတ်မီနေအိမ်၊ ရုံးခန်း၊ ဥယျာဉ်၊ ခြံနှင့် စားသောက်ဆိုင်၊ကဖေးဆိုင်သုံး ပရိဘောဂမျိုးစုံကို ခင်းကျင်းပြသထားသည်။ ဒီဇိုင်းအားဖြင့် Classic Design, Modern Design အပြင် Neo-Classic Design တို့ကို ပြသထားသည်။

အဆောက်အအုံ တစ်လုံး၏ ပရိဘောဂနှင့် ကြမ်းခင်းအလှအပများအတွက် သာမက နံရံများနှင့် ပြတင်းပေါက်များကို အလှပဆုံး ဖန်တီးပေးနိုင်ရန် Vinyl, Wallcoverings များကို လည်းကောင်း၊ ခန်းဆီး၊ လိုက်ကာ၊ ပိတ်ဇာနှင့် ကြိုးမျှင်လိုက်ကာမျိုးစုံကို လည်းကောင်း ပြပွဲကာလ လေးရက်အတွင်း ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးဝန်ဆောင်မှုအဖြစ် ပြပွဲကာလအတွင်း ဝယ်ယူအားပေးသူများအတွက် ကော်ဇောခင်းခြင်း၊ Wall-paper ကပ်ခြင်း၊ ခန်းဆီးလိုက်ကာချုပ်လုပ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့၏ Life Style ကို ပိုမိုပြည့်စုံအောင် ပုံဖော်ပေးနိုင်မည့် ဆီဆေးပန်းချီမျိုးစုံနှင့် နာရီမျိုးစုံတို့ကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ မှာယူသူများအား Sinma Furnishings Co., Ltd. ပိုင် သစ်အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သော စက်ရုံ၊ အလုပ်ရုံငါးရုံမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် နယ်မြို့နယ်များအထိပါ ဝန်ဆောင်မှုပေးလျက်ရှိသည်။

အရောင်းပြခန်းကို အမှတ်(၇၁) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၇၀၂၆၊ အမှတ်(၅၅/၆၁) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၀၈၂ နှင့် ၂၄၃၇၇၉တို့တွင် ဖွင့်လှစ်ထားရှိသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၃၀၂၅၉၂၃ နှင့် ၀၉-၅၀၅၇၀၇၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြစ်ကြီးနားစည်ပင် မီးဘေးဇာတ်တိုက်

မြစ်ကြီးနား မတ် ၂၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုကို မတ် ၅ ရက်က စည်ပင်ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာသို့ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးနိုင်က မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

အမျိုးသားရေးကို ထာဝရ ဦးထိပ်ထားသော ပြည်ထောင်စုသားများ၏ ခေတ်မီမျိုးချစ်တပ်မတော်

ပန်းတောင်းသန်းကြွယ်

အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံမှန်သမျှသည် နိုင်ငံ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ ထူထောင်မထားသော နိုင်ငံဟူ၍မရှိ။ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသား နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လက်နက်ကိုင် အင်အားတစ်ရပ်ကို ထူထောင်ထားကြရသည်သာ ဖြစ်သည်။

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှ အရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ကိစ္စများကို ဦးလည်မသုန်ထမ်းဆောင်ရသောအဖွဲ့အစည်းပင် ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသား နိုင်ငံရေးကို ဦးထိပ်ရွက်လျက် ထမ်းဆောင်ရသော အဖွဲ့အစည်းကြီး ဖြစ်သည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်မှန်သမျှကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။ ထို့အတူပင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် နယ်ဘက်အာဏာပိုင်များကို လိုအပ်သလို ကူညီပေးရသည့် တာဝန်ကိုလည်း ထမ်းဆောင်ရသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဗြိတိသျှ နယ်ချဲ့သမားများက လက်နက်အားကိုးဖြင့် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် သုံးကြိမ်တိုင်တိုင် ကျူးကျော်တိုက်ခိုက်ခဲ့ကြပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ ဗြိတိသျှ နယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ်မနေလိုကြသော မြန်မာတိုင်းရင်းသားသူရဲကောင်းများက မပြတ်တရစပ် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဂုဏ်ရောင်ပြောင်စွာ ပြသနိုင်ခဲ့ကြသည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီး စတင်လောင်မြိုက်ချိန်တွင် နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ရန် မြန်မာလူငယ်တို့က စတင်ကြိုးပမ်းကြသည်။ သခင်အောင်ဆန်း၊ သခင်ရှုမောင်စသော မြန်မာလူငယ်တို့သည် ဂျပန်နှင့် အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်မှ စွန့်စွန့်စားစားထွက်ခွာခဲ့ကြသော မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း ဟိုင်နန်ကျွန်း ဂိုရှီတောင်ခြေ တောတန်းတွင် ဂျပန်တို့က အပြင်းအထန်လေ့ကျင့်သင်ကြားပေးသည့် စစ်သင်တန်းကို တက်ရောက်သင်ယူခွင့်ရခဲ့ကြသည်။

ရဲဘော်သုံးကျိပ်တို့က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင် ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်၏ မူလရည်ရွယ်ချက်အတိုင်း ဗြိတိသျှနယ်ချဲ့တို့အား တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ ပြည်သူအပေါင်းကလည်း တပ်မတော်နှင့်ပူးပေါင်း၍ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ ဆုတ်ခွာပြေးသွားပြီးနောက် ဂျပန်တို့က အနှောင်အဖွဲ့ကင်းမဲ့သည့် လွတ်လပ်ရေးကြေညာပေးမည်ဟူသော ကတိအား ဖျက်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖက်ဆစ်တို့အလိုကျ ဖျက်သိမ်းခဲ့ရပြီး ဗမာ့ကာကွယ်ရေး တပ်မတော် (BDA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အသစ်ဖွဲ့စည်းသော ဗမာ့ကာကွယ်ရေးတပ်မတော်၏ အင်အားမှာ ၃၀၀၀ ခန့်သာ ဖြစ်ရာ ထုထည်အင်အားကြီးမားလာသည့် မြန်မာ့လက်နက်ကိုင်အင်အားကို ဖက်ဆစ်တို့က လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးကြောင်းကြေညာပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗဟိုစစ်အဖွဲ့ချုပ်ကြီး (ကာကွယ်ရေးကောင်စီ)က အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို ဗမာ့တပ်မတော်(BNA)အဖြစ် ပြောင်းလဲအမည်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တို့ကြေညာပေးသည့် လွတ်လပ်ရေးမှာ အတုအယောင်သာဖြစ်ပြီး ပြည်သူတို့အပေါ် ယုတ်မာရိုင်းပျစွာ ဖိနှိပ်မှုများ၊ ရက်စက်မှုများကို ကျူးလွန်လာကြသည်။ ထို့ကြောင့် ပြည်သူ့တပ်မတော်သည် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ဖက်ဆစ်စနစ်ဆိုးအား တိုက်ဖျက်ရန် ပြင်ဆင်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကမ္ဘာသိ ဖက်ဆစ်တော်လှန်ရေးကြီးကို ဗမာ့တပ်မတော်က ဦးဆောင်လျက် တစ်နိုင်ငံလုံးအုံကြွဆင်နွှဲ

ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ပြည်သူတို့၏ ထောက်ခံလက်တွဲပူးပေါင်းမှုကို ရရှိခဲ့သည့် တပ်မတော်သည် မိမိထက် စစ်လက်နက်အင်အား ကြီးမားသော ဖက်ဆစ်တို့ကို ပြတ်ပြတ်သားသား တော်လှန်တိုက်ခိုက်ကာ အနိုင်ရယူနိုင်ခဲ့သည်။

နယ်ချဲ့တို့သည် ဖက်ဆစ်ကို စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်၏ အရည်အသွေးသတ္တိကို လည်းကောင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကို လည်းကောင်း မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသောအခါ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှ နယ်ချဲ့တို့လက်မှ လုံးဝ လွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်က ကိုယ်ထူးကိုယ်ချွန် စတင်ရပ်တည်နိုင်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို မြန်မာ့သမိုင်းမော်ကွန်းတွင် တပ်မတော်နေ့အဖြစ် ကမ္ပည်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင်လည်း နယ်ချဲ့ပယောဂကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် အမျိုးသားအကျိုးစီးပွားကို သစ္စာစောင့်သိပြီး ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်မှုတို့ကို နှိမ်နင်းတိုက်ခိုက်မောင်းထုတ်ပေးခဲ့သည်။ ပြည်သူကြားမှပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ ရန်အန္တရာယ်မှ ကာကွယ်ပေးရသည့် စစ်ရေးတာဝန်ကို တစိုက်မတ်မတ် ထမ်းဆောင်ရခြင်းနှင့်အတူ နိုင်ငံတော် ပြိုကွဲပျက်စီးတော့မည့် အခြေအနေဆိုးများ ကြုံလာသည့်အခါတိုင်း နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုပါ ဆောင်ရွက်ပေးခဲ့ရသည်။ တပ်မတော်၏ ပခုံးထက်သို့ ယင်းတာဝန်များ ကျရောက်လာတိုင်းလည်း ပီပီပြင်ပြင်နှင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သည်သာ ဖြစ်သည်။

၁၉၅၈ ခုနှစ်က ပထမအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ **"အိမ်စောင့်အစိုးရ"** ဖွဲ့စည်းလျက် ရွေးကောက်ပွဲကြီးကျင်းပပေးနိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုသည် သွေးချောင်းစီးစေမည့် အစိုးရအကွဲအပြဲကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်ကို နည်းစနစ်ကျနအောင် ထိန်းသိမ်းပေးခဲ့ရခြင်းလည်းဖြစ်သည်။

၁၉၆၂ ခုနှစ် ရောက်သောအခါ အာဏာရအစိုးရအဖွဲ့၏ ပျော့ကွက်ဟာကွက်များကြောင့် တိုင်းရင်းသားလူမျိုးများအတွင်း မကျေလည်မှုများ ပေါ်ပေါက်လာပြီး ပြည်ထောင်စုပြိုကွဲမည့် အခြေအနေဆိုးနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်သော တပ်မတော်က နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဒုတိယအကြိမ် ထိန်းသိမ်းကာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရသည်။ တပ်မတော်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော **"တော်လှန်ရေးကောင်စီ"**က ပြည်သူများ ဆန္ဒရှိနေသော ဗိုလ်ချုပ်အောင်ဆန်းလိုလားခဲ့သည့် ဆိုရှယ်လစ်ဇင်းခေါ် အများကောင်းစားရေးဝါဒကို အုတ်မြစ်တိုင် စိုက်ထူပေးခဲ့ရခြင်းပင် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင်မူ တစ်ပါတီစနစ်ကိုဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှုများ ပြည်သူများအတွင်း ပေါ်ပေါက်လာခဲ့ပြန်သည်။ မြေပေါ်မြေအောက် သောင်းကျန်းသူများက ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်လာကြသည်။ မင်းမဲ့စရိုက်ကိုလမ်းကြောင်းပေး အသက်သွင်းလာခဲ့ကြသည်။ အမျိုးသားရေးကို သစ္စာစောင့်သိသော တပ်မတော်က နိုင်ငံတော်ပြိုကွဲမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နိုင်ငံတော်အာဏာကို တတိယအကြိမ် ထိန်းသိမ်းခဲ့ရပြန်သည်။

ဤတတိယအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့သည်မှာလည်း နိုင်ငံတော်တစ်ဝန်း မီးဟုန်းဟုန်းတောက်တော့မည့် အခြေအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတော့မည့်အခြေအနေဆိုးများကို အချိန်မီ တားဆီးကာကွယ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းတွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အမျိုးသားနိုင်ငံရေးကို ဦးစီးဦးဆောင်ပြုခဲ့ရသည်မှာ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ထိုပြောင်းလဲမှုအားလုံးသည် တပ်မတော်၏ဆန္ဒကြောင့်မဟုတ်မူဘဲ သမိုင်းပေးတာဝန်အရ ပြည်သူအများလိုလားသော နိုင်ငံရေးစနစ်သစ်များကို ဦးစီးပဲ့ကိုင်ပြုကာ အုတ်မြစ်ချပေးခဲ့ရခြင်းသာ ဖြစ်သည်။

ပစ္စုပ္ပန်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသောအစဉ်အလာကိုပြဆိုမည့် သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန်လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သား ဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရတိုက်ပွဲဝင်ရမည့်အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝကို ပြန်လည်ကူးပြောင်းသွားခဲ့ကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

မျိုးချစ်တပ်မတော်သားများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို အသက်ပေးကာကွယ်စောင့်ရှောက်ရုံသာမက နိုင်ငံတော်အတွက်လိုအပ်သည့်

☆ **တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှ အရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ကိစ္စများကို ဦးလည်မသုန် ထမ်းဆောင်ရသောအဖွဲ့အစည်းပင်ဖြစ်။**

☆ **ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသား နိုင်ငံရေးကို ဦးထိပ်ရွက်လျက် ထမ်းဆောင်ရသော အဖွဲ့အစည်းကြီးဖြစ်။**

(၆၆)နှစ်မြေ

☆ နိုင်ငံတော်၌ တရားမ
ပိုမိုထွန်းကားရေးအ
☆ နိုင်ငံတော်၏ အမျ
အတူလက်တွဲ၍ တ
☆ နိုင်ငံတော် တည်ငြိမ်
ပြည်ပ အဖျက်သမာ
☆ ဒို့တာဝန်အရေးသုံး
ထက်မြက်သော ခေ

အခါတိုင်း အမျိုးသားနိုင်ငံရေးကဏ္ဍတွ
ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သ
ကို မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက်
အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်
လိုက်လျောညီထွေရှိသည့် ဦးတည်ချက်(
အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသ
အတွင်း အတိတ်ကာလမှကျန်ရစ်သည့်
မျက်မှောက်ကာလ ကိုလိုနီလက်သစ်မ
အမှောင့် အနှောင့်အယှက်များ၊ ရှောင်လွှဲ
များနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအ
အခက်အခဲ အတားအဆီးများ စသည့် စိ
ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံး
ကျော်လွှားခဲ့ရသည်။

ဤနှစ်ပေါင်း(၂၀)ကျော်ကာလအ
ခိုင်မာသည့်လုပ်ငန်းစဉ်များနှင့် ဆောင်
အခြေအနေသည် ခေတ်သစ်၊ စနစ်သ
လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေ
တစ်ခုလုံး ကွက်လပ်မကျန် ဟန်ချက်ညီ
ရေရှည်စီမံကိန်းများချမှတ်ကာ အရှိန်အ
အကျိုးရလဒ်များကို ယနေ့ကာလတွင်
တွေ့မြင်နိုင်ကြပြီဖြစ်သည်။

မကြာမီသောကာလအတွင်းတွင် အ
ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးပ
ကျင့်သုံးမည့် အဖွဲ့အစည်းများသို့ လွှဲ
သည်။ ဤသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက
သည့် အများလိုလားတောင့်တသော
ခြေလှမ်းချ ချီတက်နိုင်ရန် ကြိုးပမ်းအ
အမျိုးသားရေးတာဝန်ကျေပွန်မှုဖြစ်သည

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတေ
တပ်မတော်သည်လည်းကောင်း ကိုင်းနှ
နေကြရခြင်းဖြစ်သည်။ အမျိုးသားရေးဦ
သည် အင်အားတောင့်တင်းပြီး စွမ်းရည်
တပ်မတော်ဖြစ်ရန် အထူးလိုအပ်သည်။ သို
နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြ
စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။

ယမန်နှစ် (၆၅)နှစ်မြောက် တပ်မ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြ
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီ
အချုပ်အခြာအာဏာကို အကြွင်းမဲ့ကာ
ဒို့တပ်မတော်ဟာ အင်အားတောင့်တင်း
ခေတ်မီရမယ်၊ မျိုးချစ်စိတ်ဓာတ်ထက်သ
တိုင်းပြည်အင်အား ရှိမယ်ဆိုတာဟာ
ကတည်းက ပြည်သူတွေ ခံယူထားခဲ့တဲ့
တပ်မတော်ကို စစ်ရေးစွမ်းရည်၊ စည်းရုံး
စတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး တပ်မ
ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် တည်
စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်
ထည့်သွင်းမြွက်ကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် သမိုင်းအဆက်
မှန်သမျှကို ရယူတည်ဆောက်ပေးခဲ့သ
အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိ
မည်သည့်အဖွဲ့အစည်းနှင့်အမျှမတူသော
မျိုးကို တပ်မတော်က စွမ်းဆောင်ခဲ့သ
အမျိုးသားရေးတာဝန်များကို ရှေ့တ
ထမ်းဆောင်လျက်ရှိသော မြန်မာ့မျိုးချစ်တ
အင်အားတောင့်တင်းအောင်၊ စွမ်းရည်ထ
သားအားလုံးက တစည်းတလုံးတည်း ပေ
ရေးသားတိုက်တွန်းလိုက်ရပေသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့် အတူလက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အခါတိုင်း အမျိုးသားနိုင်ငံရေးကဏ္ဍတွင် ပါဝင်ထမ်းဆောင်ကြရသူများ ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဦးတည်ချက်(၁၂)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသည်။ နှစ်ပေါင်း(၂၀)ကျော် ကာလအတွင်း အတိတ်ကာလမှကျန်ရစ်သည့် ကိုလိုနီသမိုင်းအမွေဆိုးများ၊ မျက်မှောက်ကာလ ကိုလိုနီလက်သစ်များနှင့် ပြည်တွင်းပြည်ပအဖျက်အမှောင့် အနှောင့်အယှက်များ၊ ရှောင်လွှဲမရသည့် သဘာဝဘေးအန္တရာယ်များနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆက်စပ်ကြုံတွေ့လာရသော အခက်အခဲ အတားအဆီးများ စသည့် စိန်ခေါ်မှုအမျိုးမျိုးကိုပါ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ရသည်။

၎င်းနှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း မှန်ကန်သည့် မူဝါဒ၊ တိကျခိုင်မာသည့်လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ခဲ့သဖြင့် ယနေ့ နိုင်ငံတော်၏ အခြေအနေသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။ ပြည်ထောင်စုကြီး တစ်ခုလုံး ကွက်လပ်မကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ရေတိုရေရှည်စီမံကိန်းများချမှတ်ကာ အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ရခြင်း၏ အကျိုးရလဒ်များကို ယနေ့ကာလတွင် လက်ညှိုးထိုးမလွဲ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီဖြစ်သည်။

မကြာမီသောကာလအတွင်းတွင် အခြေခံဥပဒေသစ်နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသောအာဏာသုံးရပ်ကို ကိုင်စွဲကျင့်သုံးမည့် အဖွဲ့အစည်းများသို့ လွှဲပြောင်း ပေးအပ်နိုင်တော့မည်ဖြစ်သည်။ ၎င်းသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် အများလိုလားတောင့်တသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ခြေလှမ်းချ ချီတက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ရသော တပ်မတော်၏ အမျိုးသားရေးတာဝန်ကျေပွန်မှုဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်သည်လည်းကောင်း၊ ပြည်သူနှင့် တပ်မတော်သည်လည်းကောင်း ကိုင်းနှင့် ကျွန်းပမာ မကင်းကွာတည်ရှိနေကြရခြင်းဖြစ်သည်။ အမျိုးသားရေးဦးထိပ်ထားသော တပ်မတော်ကြီးသည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်ဖြစ်ရန် အထူးလိုအပ်သည်။ သို့မှသာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်ထာဝရ ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။

ယမန်နှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းရမယ်၊ စွမ်းရည်ထက်မြက်ရမယ်၊ ခေတ်မီရမယ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရမယ်၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမယ်ဆိုတာဟာ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ပြည်သူတွေ ခံယူထားခဲ့တဲ့ သဘောထားဖြစ်တယ်။ ဒါကြောင့် တပ်မတော်ကို စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် စတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်နေကြဖို့ မှာကြားလိုတယ်”** ဟု ထည့်သွင်းမြွက်ကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် သမိုင်းအဆက်ဆက် အမျိုးသားရေး လိုအပ်ချက်မှန်သမျှကို ရယူတည်ဆောက်ပေးခဲ့သည်။ တပ်မတော်၏ သမိုင်းသည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားသော သမိုင်းသာဖြစ်သည်။ မည်သည့်အဖွဲ့အစည်းနှင့်အမျှမတူသော အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားမှုမျိုးကို တပ်မတော်က စွမ်းဆောင်ခဲ့သည်။ နိုင်ငံနှင့် ပြည်သူအတွက် အမျိုးသားရေးတာဝန်များကို ရှေ့တန်းမှ မားမားမတ်မတ်ရပ်ကာ ထမ်းဆောင်လျက်ရှိသော မြန်မာ့မျိုးချစ်တပ်မတော်ကြီးအား ခေတ်မီအောင်၊ အင်အားတောင့်တင်းအောင်၊ စွမ်းရည်ထက်မြက်နေအောင် ပြည်ထောင်စုသားအားလုံးက တစည်းတလုံးတည်း ပေါင်းစည်းအားပေးသင့်လှပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပေသည်။ ။

ဝီရမျိုးဆက်

❍ ရှေ့တန်းစွန်ဖျား၊ တောတောင်ကြားဝယ်
ကျားကိုခလုတ်၊ ငုတ်ကိုသင်ဖြူး
ဆူးကိုမွေ့ရာ၊ စွဲမှတ်ကာလျှင်
ပြည်ရွာအကျိုး၊ စစ်ဆင်ထိုးလျက်
အရိုးကြေကြေ၊ အရေခန်းခန်း
ယောင်ယမ်းမလွန့်၊ နောက်မတွန့်ဘဲ
သက်စွန့်ကြိုးပမ်း၊ ကြွေသည့်ပန်းတို့
သိန်းသန်းမက၊ ရှိခဲ့ကြ၏။

❍ သွေးခြင်းခြင်းနီ၊ ဒဏ်ရာသည်ပင်
နာသည်မထင်၊ တိုက်ပွဲဝင်လျက်
အစဉ်မွှေးနေ၊ ဂုဏ်မသေသည့်
စစ်ဆွေသူရဲ၊ သတ္တိခဲတို့
ရှင်မြဲရှင်ကာ၊ သမိုင်းမှာလျှင်
ကမ္ဘာအံ့မျှ၊ ကျော်ခဲ့ကြ၏။

❍ ကိုယ့်တိုင်းပြည်ရွာ၊ စောင့်ရှောက်ကာရန်
မွေးရာပါသည့်၊ တာဝန်ရှိလျက်
ရှိသည့်တာဝန်၊ စဉ်ကျေပွန်အောင်
အားသွန်ကြိုးပမ်း၊ နိုင်စွာထမ်းသည့်
လူစွမ်းကောင်းများ၊ မျိုးချစ်များကြောင့်
ခန့်ညားရဲရင့်၊ ပြည့်ဂုဏ်တင့်၏။

❍ ကမ္ဘာတစ်ခွင်
နှိုင်းယှဉ်ဆက်စပ်၊ ဘယ်စစ်တပ်မျှ
ဒို့တပ်ကိုပြိုင်၊ မမီနိုင်အောင်
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်
ပြည့်သိပ်ထုံမွမ်း၊ ပြည်ချစ်ပန်းတို့
ပွင့်လန်းဝေဆာခဲ့သည်တကား။

❍ မကြွေမနွမ်း၊ ပြည်ချစ်ပန်းတို့
ပွင့်လန်းလျက်ပေ၊ ဝေမြဲဝေကာ
ဒို့မြေဒို့ယာ၊ ဒို့ရပ်ရွာကို
ကာကွယ်ဆောက်တည်၊ ရှေ့တိုးချီခဲ့
ဝီရမျိုးဆက်၊ ဂုဏ်မပျက်အောင်
ကမ်းလက်ဆင့်ပြောင်း၊ သမိုင်းကြောင်းဝယ်
သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့
ဖြစ်စေ့ရည်သန်၊ ကောင်းမွေခံ၍
ရဲမာန်ဝင့်ချီ၊ မြန်မာပီစွာ
သာကီမင်းမျိုး၊ မော်ကွန်းထိုးလျက်
ဝေဖြိုးတက်နေ ထွန်းစေသတည်း။
မြေမိုးသက်သေ ညွှန်းစေသတည်း။ ။

(၆၆) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

ဝန်ကြီး ဦးညဏ်ဝင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီမီထရီ ပီ၊ ဒရောက်ဆက် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သောရေယျအကြောင်းဥပမာပြ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်” တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၅၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၁)**
- ၈း၄၀ Activities In The City (အကျဉ်းဦးစီးဌာနမှူလတန်းကြို ကျောင်းသီချင်းကဗျာရွတ်ဆိုပြိုင်ပွဲ)
- ၉း၀၀ အဘိဓမ္မာတောင်သာဇီဝိတဒါန တိုင်းရင်းဆေးကုသလှူဒါန်းပွဲ
- ၉း၁၅ Activities In The City [မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အခမ်းအနား]
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးဌေးဝင်း) (အပိုင်း-၁)
- ၉း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ယောက္ခမရဲ့ကျေးဇူးတော် ရိုက်ကွင်းအမှတ်တရ”
- ၁၀း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၃၅ ဖက်ရှင်လမ်းညွှန် [ဒီဇိုင်နာမေသက်လွင် (Crown Fashion)]
- ၁၀း၅၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ဇာနည်-ကြည်လဲ့လဲ့ဦးတို့နှင့်တွေ့ဆုံခြင်း)
- ၁၁း၁၅ Activities In The City [အထက(၂)မရမ်းကုန်း(စိန့်ဂျူ့စ် အကယ်ဒမီ)၏အာစရိယပူဇော်ပွဲ]
- ၁၁း၃၀ NAY PYI TAW CAPITAL HYPERMARKET ဖွင့်ပွဲ အခမ်းအနား
- ၁၁း၅၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ ဗန်းမော်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံအမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ
- ၁၂း၃၅ နေပြည်တော်မှ ဇမ္ဗူသီရိဟိုတယ် ဖွင့်ပွဲအခမ်းအနား
- ၁း၀၀ “သောရေယျအကြောင်းဥပမာပြ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်” တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၅၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၁)**
- ၄း၅၀ Activities In The City (မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်ကိုရီးယားဘာသာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ)
- ၅း၁၀ ဘေးကင်းရန်ကွာအချိန်ကုန် သက်သာဖို့ Rinnai ကို ရွေးချယ်စို့
- ၅း၂၅ ရန်ကုန်မြင်ကွင်းကျယ် [အကြောအဆစ်ပညာရှင်များ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား]
- ၅း၄၀ တတိယအကြိမ်စစ်တွေမြို့၌ ကျင်းပသောရခိုင်ရိုးရာ စဉ်လာမပျက် ရထားဆွဲပွဲတော်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (RCOG-OGSM Life Saving Skills-Essential Obstetric and Newborn Care Course)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၅၄)**
- ၇း၃၀ The Champion of Dance (မြန်မာ့ရိုးရာသကြန်ယိမ်းအက ပြိုင်ပွဲ) (အပိုင်း-၂)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (April Queen)
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၂)**
- ၁၀း၁၅ ရှင်သန်နေအောင်အစဉ် ကမ်းဆောင်မြင်းခြံသဒ္ဓမ္မပါလ ဂုဏ်ရောင်
- ၁၀း၃၀ VJ Choice
- ၁၀း၅၅ World of Knowledge [Seconds From Disaster (TITANIC)]
- ၁၁း၄၅ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၁၁း၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယွန်းလတ်ဖြူနှင့် တွေ့ဆုံခြင်း)
- ၁၂း၂၀ စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
- ၁၂း၂၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာလန်းဖြာဖြာ)
- ၁၂း၄၅ ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . . “ဝ”ဥပင်ကိုပျိုး
- ၁း၀၀ နှယ်ဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်းထုပ်ပိုးနည်း)
- ၁း၂၅ အသက်ကယ်တဲ့ရှုဉ်စေလို (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၁း၃၅ သတင်းပေးလို့ဖော် တောင်ငူ ပဲကြော်၊ ပဲလှော်
- ၁း၄၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၂)
- ၂း၁၀ အိမ်တွင်းစီးပွားမုန့်လုပ်နည်း ပညာများ(ရေခဲမုန့်ပြုလုပ်နည်း)
- ၂း၂၀ Shooting Location (သီရိဂုဏ်)
- ၂း၃၅ မြန်မာစာ၊ မြန်မာစကား
- ၂း၅၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd)
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ သွေးချင်းတို့မြေချင်းဌာနေ
- ၄း၂၀ မြန်မာ့လက်မှုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
- ၄း၃၅ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၄း၅၀ လောကအလင်းရောင်ဝိပဿနာ ဉာဏ်တန်ဆောင်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၂၀ ရက်က စတင်ကျင်းပလျက်ရှိသည့် မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲ၏ အသင်းလိုက် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ကာကွယ်ရေးဝန်ကြီးဌာန တင်းနစ်လက်ရွေးစင်အသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

သရက်မြို့နယ်၌ စက်ရေတွင်း ဖွင့်ပွဲကျင်းပ

သရက် မတ် ၂၄

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် သရက်မြို့နယ် သာယာကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးငွေထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းနှင့် ရပ်မိရပ်ဖ ဦးမြင့်လွင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

နေပြည်တော်　　မတ်　　၂၄

ကျန်းမာရေးဝန်ကြီးဌာနကကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B. Tennakoon နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာတွင် တီဘီရောဂါသည် လူသားများကို လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ နီးပါးကစပြီး ကူးစက်ပြန့်ပွားခဲ့သည်ဖြစ်ကြောင်း၊ တီဘီရောဂါဖြစ်စေသည့်ပိုးကို ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ခ်)(Dr.Robert Koch) က ပထမဦးဆုံးစတင်တွေ့ရှိခဲ့ကြောင်း၊ ဒေါက်တာရောဘတ်ကော့(ခ်) (Dr.Robert Koch) အား ဂုဏ်ပြုသောအားဖြင့် ၁၉၉၆ ခုနှစ်မှစ၍ မတ်လ ၂၄ ရက်နေ့ကို ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာရာ ယနေ့ဆိုလျှင် (၁၆)ကြိမ်ရှိပြီဖြစ်ကြောင်း။

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုသည် ၂၀၀၄ ခုနှစ်မှစ၍ တဖြည်းဖြည်း လျော့နည်းကျဆင်းလျက်ရှိနေသော်လည်း ယနေ့ ကမ္ဘာမှာ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၉ ဒသမ ၄ သန်းခန့်ရှိပြီး သေဆုံးသူမှာ ၁ ဒသမ ၇ သန်းခန့်ရှိနေကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် (၁၅) နှစ်မှ (၅၄) နှစ်ကြားရှိသူများဖြစ်ကြပြီး တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စုမှ ဖြစ်ပွားနေသည်ကိုတွေ့ရကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၅ ရာခိုင်နှုန်းနှင့် တီဘီရောဂါဖြင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ကမ္ဘာ့တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံမှဖြစ်ကြောင်း၊ အရှေ့တောင်အာရှမှ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများလည်း ပါဝင်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B. Tennakoon က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အတွက် ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယခုအခါတွင် ရန်ကုန်နှင့် မန္တလေး တီဘီဓာတ်ခွဲဌာနများကို Biosafety Level (3) (BSL.3) အဆင့်မြှင့်ပြီး Liquid Culture & drug Sensitivity test, line Probe Assay သုံး၍ အဖြေကို အချိန်တိုအတွင်း သိရှိနိုင်ပြီဖြစ်ကြောင်း၊ ဆေးယဉ်ပါးတီဘီကို ကုသမှုပေးနိုင်ရန်အတွက် နိုင်ငံနှင့်သင့်လျော်မည့် ကုထုံးများချမှတ်ပြီး အောင်ဆန်းတီဘီဆေးရုံကြီးနှင့် ပုသိမ်ကြီးတီဘီဆေးရုံကြီးများမှ သမားတော်များနှင့် ၂၀၀၉ ခုနှစ် ဇူလိုင်လမှ စတင်ကုသရာ စုစုပေါင်း ၂၀၀ ခန့် ကုသမှုခံယူလျက်ရှိကြောင်း။

TB / HIV ဒွန်တွဲခံစားနေကြသော ဝေဒနာရှင်များအတွက် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးနေ့ စီမံချက်၊ WHO, UNION, MSF (Holland) တို့နှင့် ပူးပေါင်းပြီး ကာကွယ်မှုနှင့် ART ဆေးကုသပေးခြင်းကို မြို့နယ် ၁၁ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များသို့လည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခုအထိ တီဘီဝေဒနာရှင် ၄၀၀၀ ကျော် ART ဆေးကုသမှုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

၂၀၅၀ ခုနှစ်တွင် တီဘီရောဂါ ကင်းစင်နိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ သက်သက်သာမက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မီဒီယာများကလည်း တီဘီရောဂါအကြောင်းကို ပြည်သူလူထုကသိရှိပြီး လိုက်နာကျင့်သုံးနိုင်ရန် ကူညီပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B. Tennakoon က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အတွက် ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ မှတ်တမ်းဓာတ်ပုံများနှင့် ပညာပေးစာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "တီဘီရောဂါ ကင်းဝေးရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး" "On the move against Tuberculosis Transforming the Fight Towords Elimination" ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ မှတ်တမ်းဓာတ်ပုံများနှင့် ပညာပေးစာအုပ်စာစောင်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော်　　မတ်　　၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဦးသိန်းကြူအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မြေပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန်　　မတ်　　၂၄

မြေပုံမြို့နယ်အသင်း (ရန်ကုန်) ၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ယင်းအစည်းအဝေးတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရရှိသူများအား ချီးမြှင့်ဂုဏ်ပြုခြင်း အစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ စုံစမ်းမေးမြန်းလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများ ဦးမြသာ ဖုန်း-၀၁-၆၆၄၄၉၈၄၊ ဦးဘသိန်း ဖုန်း-၀၁-၅၈၁၅၈၆၊ ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၆၂၀၅၊ ဦးထွန်းကျော် ဖုန်း-၀၁-၅၄၆၂၄၅၊ ဦးကျော်လှ ဖုန်း-၀၁-၂၄၈၂၂၇၊ ဦးမြင့်သိန်း ဖုန်း-၀၁-၅၄၄၅၄၆နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၆၄)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့မရပ်ကွက် မြတ်သုခလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းထိပ်မုခ်ဦး၌ မတ် ၂၀ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်မည်

ရန်ကုန်　　မတ်　　၂၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း (ယခု အထက-၁၊ အထက-၅) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၆၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) မင်္ဂလာဒုံ ဝါယာလက် မြရောခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးအောင်ရွှေ ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးမြသိန်း ဖုန်း-၆၃၆၃၂၀၊ ၀၉-၅၁၃၅၂၀၅၊ ဦးထွန်းကြိုင် ဖုန်း-၆၃၅၀၀၂၊ ၀၉-၅၁၆၃၀၄၂၊ ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၅၈၆၄၅၇၊ ဦးညွန့်သောင်း ဖုန်း-၀၉-၇၃၀၉၁၉၉၂၊ ဦးမောင်နိုင် ဖုန်း-၅၉၃၀၉၇၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃၊ ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၇၃၁၀၇၉၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပီမိုးနင်းလမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့နယ်၌ မီးဘေးကာကွယ်ရေးဟောပြော

မြဝတီ　　မတ်　　၂၄

မြဝတီခရိုင် မြဝတီမြို့နယ် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၆ ရက်က အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးရွှေက လူကုန်ကူးမှု တားဆီးကာကွယ်ရေးသိကောင်းစရာများအား အသိပညာပေးဟောပြော၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဖြိုးမင်းဇော် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (၅၇၀)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၃၀	၈။	အဆိုပြိုင်ပွဲ
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	AFC Challenge Cup 2012 ပြိုင်ပွဲအုပ်စု (A)ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအသင်းနှင့် ပါလက်စတိုင်းအသင်း)
၅း၁၅	၂။	"ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၂၀)**
၇း၅၀	၆။	"ပြည်သူ့အတွက်တပ်မတော်" (ကူးလူးယှက်နွယ်ကွန်ရက် သဖွယ် ပြည်သူ့အကျိုးသယ်ပိုး ကြိုးစား လမ်းတံတား)
၈း၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	"လျှပ်တစ်ပြက်ဟာသများ"
	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၄)**
	၁၂။	သီချင်းချစ်သူ(ပူစူး)
	၁၃။	အစီအစဉ်ပြီး၏။

ဒလ အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန်　　မတ်　　၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်၌ရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၉၀-၂၀၀၀ ပြည့်နှစ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ကိုစိုးမြင့်ဦး ဖုန်း-၀၉-၄၃၀၂၁၁၁၈၊ ကိုသန်းစိုး ဖုန်း-၂၄၆၅၉၄၊ ကိုမြတ်လွင် ဖုန်း-၀၉-၇၃၀၈၄၄၆၄၊ ကိုလှိုင်လင်းလင်း ဖုန်း-၀၉-၇၃၁၄၅၁၉၉၊ ကိုအောင်သူရ ဖုန်း-၀၉-၇၃၀၄၈၈၇၁၊ ကိုအောင်မျိုးချစ် ဖုန်း-၃၈၅၂၆၂၊ ကိုမျိုးနန္ဒအောင် ဖုန်း-၀၉-၇၃၁၁၆၄၄၂၊ မမေအိ ဖုန်း-၂၆၉၂၀၄၊ ကိုမြင့်လွင်ဦး ဖုန်း-၀၉-၈၆၃၅၁၀၃၊ မသီတာစုကြည် ဖုန်း-၀၉-၈၆၂၁၂၀၄၊ မယဉ်မိုးဖြူ ဖုန်း-၃၈၁၀၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၆၉)

❊ကျောဖုံးမှ
ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းမှာ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အလျား ၂၀၁၁ပေ၊ အကျယ် ၁၂ပေ၊ ဒု ၇ လက်မရှိ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးလင်းထွန်းနှင့် ရပ်ကွက်ပြည်သူတစ်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

အလားတူ သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘူးရုံ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဘူးရုံ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၈၇ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့အတူပဲခူးတိုင်းဒေသကြီးပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပတ်(၁)လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းလမ်းမှာ အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ထို့ပြင် မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝါးကြီးအိုင်-လေးတိုင်စင် ကျေးလက်လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက် ၇နာရီတွင် အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လေးတိုင်စင်ကျေးရွာ ဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၄၃၀၀၊ အကျယ် ၁၀ ပေရှိ မြေနီလမ်းဖြစ်ပြီး ဝါးကြီးအိုင်ကျေးရွာနှင့် လေးတိုင်စင်ကျေးရွာသို့ဆက်သွယ်သောအရှည်(၈/၂) မိုင်ရှိ မြေသားလမ်းကို အပိုင်း(၁)အနေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တို့မေတ္တာ သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားမှာ အရှည်ပေ ၃၀၊ အကျယ် ၁၅ပေ၊ အမြင့် ၁၀ ပေရှိကြောင်း သိရသည်။

ထို့အတူ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အလေးချောင်း-ကျီးညိုလက်မဲပြင်လမ်း အပိုင်း(၂) ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည် ၇၁၄ ပေ၊ အကျယ် ၁၂ ပေ ရှိကြောင်းသိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ သော်ကလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက်၈ နာရီခွဲတွင် အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လမ်းမှာ အရှည် ၄၆၅ပေ၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကံချောင်းကျေးရွာ ကံချောင်း မြေသားမိုးရေလှောင်ကန်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈နာရီတွင် အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ရေလှောင်ကန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ရေလှောင်ကန်မှာ ပေ ၁၀၀ ပတ်လည် အနက် ၆ ပေရှိကြောင်း သိရသည်။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကသဲတန်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည် ၁၆၉၄ ပေ၊ အကျယ် ၁၀ ပေ ရှိကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပေါ်တော်မူကျေးရွာ ကျောက်တန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၄၀၅၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ထို့အတူ ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် နွယ်သာကီကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွဋ်၊ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင်နှင့် ကော့သောင်းခရိုင် အတွင်းရေးမှူး ဦးအေးကြိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြကြောင်းသိရသည်။

ထို့ပြင် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူကြီးကြပ်၍ အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သော တပ်ရွာကျေးရွာ ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် အလှူရှင် ဦးသန်းထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တပ်ရွာကျေးရွာ ကတ္တရာလမ်းမှာ အရှည် ၆ ဖာလုံ၊ အကျယ် ၁၃ ပေရှိပြီး ကွန်ကရစ်တံတား သုံးစင်းပါရှိကာ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်စက်ယန္တရား ကျွမ်းကျင်မှုဆိုင်ရာများနှင့် အလှူရှင်က ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများ နင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက်နေ ဒေါ်သန်းသန်းသည် မတ် ၂၃ ရက် နံနက် ၈ နာရီခန့်တွင် ၎င်းလုပ်ကိုင်ရာ ရော်ဘာခြံအတွင်း ရော်ဘာစေးခြစ်ရန် သွားရောက်စဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာဒူးအောက်မှ ပြတ်ဒဏ်ရာနှင့် မျက်နှာ၊ ဘယ်ခြေယမ်းခိုးရိုက် ဒဏ်ရာများရရှိခဲ့၍ တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သောကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် ဘားအံမြို့နယ် ဝက်ကြီးရွာနေ ဦးမောင်ဒိုင်း (ခ) လာခဲ့ခေါ် သည် မတ် ၂၃ ရက် ညနေ ၃နာရီခန့်တွင် ထီးဖိုးနက်ကြိုးဝိုင်းအတွင်း အင်ဖက်ကောက်ရန် သွားရောက်စဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ၎င်း၏ ညာခြေချင်းဝတ်မှ ပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် တာဝန်ရှိသူများက ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။**နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** အောင်လံမြို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်၊ နေပြည်တော်(ရေဆင်း)၊ နေပြည်တော်(ပျဉ်းမနားမြို့နယ်)၊ မန္တလေးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ဝ၆လက်မ၊ လောင်းလုံမြို့တွင် သုည ဒသမ ၉၈ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၂၅ ရက် ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၁နာရီလျှင် ၃၅မိုင် အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လွယ်မွေမြို့အနီး ဗဟိုပြု၍ အင်အားပြင်းငလျင်လှုပ် တာချီလိတ်တွင် နှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

တာချီလိတ် မတ် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လွယ်မွေမြို့အနီးကို ဗဟိုပြု၍ ယနေ့ည ၈ နာရီခွဲခန့်က အင်အားရစ်ချ်တာစကေး ၇ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်တစ်ခုအပါအဝင် ငလျင်ခြောက်ခု ဆက်တိုက်လှုပ်ခဲ့ရာ တာချီလိတ်မြို့ ဝန်းကျင် ကျေးရွာများ၌ နေအိမ်အချို့ ပြိုကျပျက်စီးခဲ့သဖြင့် ထိုနေ့ည ၁၁ နာရီခွဲအထိ ရရှိသော ကနဦးသတင်းများအရ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကာ တာချီလိတ်ပြည်သူ့ဆေးရုံသို့ရောက်ရှိလာကြောင်း သိရှိရသည်။

ဒဏ်ရာရ

သေဆုံးသူများမှာ မောင်နိုင်ဇင်လတ် အသက်(၄)နှစ်၊ ဦးထွန်းဝင်း အသက် (၃၃)နှစ်တို့ဖြစ်ပြီး ဒဏ်ရာရသူများမှာ ဦးဇော်မိုးလွင် အသက် (၃၆)နှစ်၊ မောင်ကောင်းမြတ်ဦး အသက် (၆)နှစ်၊ မမိုးမိုးစိုး အသက် (၂၂)နှစ်၊ ဒေါ်အိသေး အသက် (၅၅)နှစ်၊ ဦးအိုက်ခဲ(၄၈)နှစ်၊ ဦးပီကျိုင်း(၄၇)နှစ်တို့ဖြစ်ကြသည်။

ထို့ပြင် တာလေမြို့၌လည်း နေအိမ် ၁၅ လုံးခန့် ပြိုကျပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

(ဝ၆ဝ)

မြန်မာနိုင်ငံ၊ လာအိုနှင့် ထိုင်းနယ်စပ်၌ အင်အားပြင်းငလျင်လှုပ်

ဗန်ကောက် မတ် ၂၄

မြန်မာ၊ လာအိုနှင့် ထိုင်းနယ်စပ်မြောက်ပိုင်းအနီး မတ် ၂၄ရက် ညပိုင်းတွင် ရစ်ချ်တာစကေး ၇ ဒသမ သုညရှိ အားပြင်းထန်သည့် ငလျင်နှစ်ခု လှုပ်ခဲ့ကြောင်း အမေရိကန် မြေငလျင်လေ့လာရေးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာ၊ လာအိုနှင့် ထိုင်းနယ်စပ်မြောက်ပိုင်းအနီး မြေငလျင်လှုပ်ခဲ့သည့် နေရာပြမြေပုံ။

အဆိုပါ ငလျင်နှစ်ကြိမ်လှုပ်မှုကြောင့် ဗန်ကောက်တွင် နေအိမ်များ ယိမ်းယိုင်မှုဖြစ်ပွားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၌ အထပ်မြင့်အဆောက်အအုံများမှ လူများ ပြောင်းရွှေ့ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ ငလျင်ကြီးနှစ်ခုသည် ထိုင်းနိုင်ငံ ချင်းရိုင်မြို့မြောက်ဘက် ၆၉ မိုင် (၁၁၉ ကီလိုမီတာ)အကွာကို ဗဟိုပြုလျက် မတ် ၂၄ ရက် ဂရင်းနစ်စံတော်ချိန် ၁၃ နာရီ ၅၅ မိနစ် (မြန်မာစံတော်ချိန် ၈ နာရီခွဲ)ခန့်က လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမလှုပ်သည့် ငလျင်မှာ မြေအောက်အနက် ၆ ဒသမ ၂ မိုင်အကွာတွင် လှုပ်ခဲ့ပြီး ဒုတိယလှုပ်သည့် ငလျင်သည် မြေအောက်အနက် ၁၄၂ ဒသမ ၅ မိုင်အကွာ၌ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှုများ ချက်ချင်းမသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

၎င်းငလျင်လှုပ်မှုကြောင့် ငလျင်ဗဟို၏ တောင်ဘက်မိုင် ၅၀၀အကွာ ဗန်ကောက်မြို့၌ အဆောက်အအုံများ ယိမ်းထိုးလှုပ်ယမ်းသွားခဲ့ကြောင်း၊ ချင်းရိုင်မြို့မြောက်ပိုင်း၌ အမျိုးသမီးတစ်ဦး အုတ်တံတိုင်းပိသေဆုံးခဲ့ကြောင်း စီအင်န်အင်န် သတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်လှုပ်မှုကြောင့် ချင်းရိုင်မြို့၌ ငလျင်လှုပ်စဉ် လူအများအပြား နေအိမ်များအတွင်းမှ ထွက်ပြေးလာကြပြီး အချို့မှာ ဒဏ်ရာများရခဲ့ကြောင်း ချင်းရိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ။

ငလျင် ဒဏ်ကြောင့်တာချီလိတ်မြို့ရှိ နေအိမ်တစ်လုံးမှ အပျက်အစီးများကို တွေ့ရစဉ်။

ဂျပန်ငလျင်ဒေါ်လာ ၃၁၀ ဘီလီယံ ဆုံးရှုံး

တိုကျို မတ် ၂၄

ဂျပန်နိုင်ငံ၌ မြေငလျင်လှုပ်ခြင်းနှင့် ယင်းမြေငလျင်၏ အကျိုးဆက်အဖြစ် ဆူနာမီရေလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့် ပစ္စည်းဥစ္စာဆုံးရှုံးရမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၀ ဘီလီယံရှိကြောင်း၊ မတ် ၁၁ ရက်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့သော မြေငလျင်သည် ကမ္ဘာပေါ်တွင် ဆုံးရှုံးမှုအကြီးမားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူတစ်ဦးက မတ် ၂၃ ရက်တွင် ပြောကြားသည်။ဂျပန်နိုင်ငံ၌ မြို့တော်တိုကျိုအထိတိုင် ဓာတ်ရောင်ခြည် ညစ်ညမ်းပြဿနာပိုမို ဆိုးရွားလာသည်။ တိုကျိုရှိ ရေသန့်စင်ရေး စက်ရုံတစ်ရုံ၌ ဓာတ်ရောင်ခြည်ဖြာထွက်မှု ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ ဓာတ်ရောင်ခြည်ဖြာ ထွက်မှုပမာဏသည် ကလေး သူငယ်များအား ဘေးအန္တရာယ်ပေးနိုင်သောအဆင့်တွင်ရှိကြောင်းအာဏာပိုင်များက ပြောကြားကြသည်။

အင်တာနက်။

ချောက်မြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၂၄

ချောက်မြို့နယ်အသင်း (ရန်ကုန်) ၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၁၀ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ချောက်မြို့နယ်သူ၊ မြို့နယ်သားတို့၏ သားသမီးများသည် ဧပြီ ၂ ရက် နောက်ဆုံးထားပြီး အမှတ်စာရင်းမိတ္တူနှင့်အတူ ဦးညိုမောင် ဥက္ကဋ္ဌ ဖုန်း- ၅၉၀၀၀၉၊ ဒေါက်တာမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၅၄၀၆၇၊ ၀၉-၅၁၁၉၃၉၉နှင့် ဦးငွေအောင် အတွင်းရေးမှူးရုံးဖုန်း-၂၉၁၂၅၀၊ ၀၉-၅၄၁၁၀၄၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု လမ်းသစ်နှင့် ရေလှောင်ကန်ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် မတ် ၂၄

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သော ကျွန်းတောလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၁၉၅၀၊ အကျယ် ၁၈ ပေ ရှိကြောင်း သိရသည်။ ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဝိန်းနေ-ဝိန်းကောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရှိရသည်။

အလားတူ ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် သဲတော-ကျောက်လှေခါးလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်တွင် အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုး၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့် သဲတောဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သဲတော-ကျောက်လှေခါးလမ်း ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၃၉၀၀၊ အကျယ် ၁၂ ပေရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သိန်း ၁၂၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကံ့ကော်လမ်း ကတ္တရာလမ်းသစ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**❄

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

ပန်းတောင်းသန်းကြွယ်၏
"အမျိုးသားရေးကို ထာဝရ ဦးထိပ်ထားသော ပြည်ထောင်စုသားများ၏ ခေတ်မီမျိုးချစ်တပ်မတော်" (ဆောင်းပါး)
စာမျက်နှာ - ၈၊၉

ဇော်မင်းမင်းဦး၏
"**ဝီရမျိုးဆက်**"(ကဗျာ)
စာမျက်နှာ - ၉

အင်အား ရစ်(ခ်ျ)တာစကေး ၇ ဒသမ သုည အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၂၄

ယနေ့ ည ၈ နာရီ ၂၉ မိနစ် ၃၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၃၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျိုင်းတုံမြို့မှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ) လွယ်မွေမြို့အနီးကိုဗဟိုပြု၍ အင်အား ရစ်(ခ်ျ)တာစကေး ၇ ဒသမ သုည အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး